# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 19 November 2024 ၁၁၆၄၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ရောင်းချပေးသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိ ရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ နှင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမ အပြင်ဘက်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှု စစ်ဆေးစဉ်။


ယနေ့ ဖတ်စရာ

အမျိုးသားရေးမှသည် လွတ်လပ်ရေးဆီသို့..... ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံ့ဂုဏ်နှင့် အားကစားအဆင့်အတန်း မြင့်မားစေနိုင်သည့် အမျိုးသားအားကစား စွမ်းပကားများ ဆောင်းပါး စာမျက်နှာ » ၁၀

ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော် စာမျက်နှာ » ၁၂

ကြေးမုံ

# သက်ရှိများသက်ရှည်ကျန်းမာရေး လေထုညစ်ညမ်းမှုကာကွယ်ပေး

သက်ရှိလူသတ္တဝါများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သန့်ရှင်းသောလေကို စက္ကန့်မလပ် ရှူရှိုက်နေရသည်။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက် ဆိုကြသည်ထက် လေအသက်သည် စက္ကန့်မိနစ်ပိုင်းမျှသာကြာမြင့်သဖြင့် သန့်ရှင်းသောလေရှူရှိုက်ရေးသည် အရေးတကာအရေးတွင် အရေးအကြီးဆုံးဖြစ်ပေသည်။ အောက်ဆီဂျင်ဟု ခေါ်ဆိုသောလေကို မရှူရှိုက်ရပါက အသက်သေဆုံးနိုင်ပြီး မသန့်ရှင်းသောလေကို ရှူရှိုက်ရပြန်လျှင်လည်း သက်တမ်းတိုခြင်းကို ဖြစ်နိုင်ပေသည်။

အောက်ဆီဂျင်သည် လေထုထဲတွင် အဓိကပါဝင်ပြီး သက်ရှိသတ္တဝါများအတွက် အရေးပါသောဓာတ်ငွေ့တစ်မျိုးဖြစ်သည်။ အောက်ဆီဂျင်ဓာတ်ငွေ့သည် သက်ရှိများအတွက် အလွန်အသုံးဝင်ပြီး အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် ဓာတ်ပစ္စည်းတစ်မျိုးဖြစ်သည်။ သက်ရှိများအားလုံး အသက်ရှင်နိုင်ရေးအတွက် သဘာဝက ပေးထားသော အောက်ဆီဂျင်ဓာတ်ငွေ့(လေ)ကို သက်ရှိလူသားများကပင် ပြန်လည်ဖျက်ဆီးနေကြသည်။ လူတို့၏ အကျိုးစီးပွားများကို ရှေးရှု၍ လူသားများသည် အောက်ဆီဂျင်ဓာတ်ငွေ့ကို ပျက်စီးစေနိုင်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ဖြစ်ပေါ်စေသည့် အမှုကိစ္စများကို ဆောင်ရွက်ကြသဖြင့် ပတ်ဝန်းကျင်လေထုအတွင်းရှိ အောက်ဆီဂျင် (လေ)သည် တစ်စတစ်စ ပိုမိုညစ်ညမ်းလာပြီဖြစ်သည်။

လေထုညစ်ညမ်းမှုဆိုသည်မှာ သန့်ရှင်းသောလေထုထဲတွင် မီးခိုး၊ ဓာတ်ငွေ့တစ်မျိုးမျိုး၊ ဖုန်မှုန့်များ၊ မြူခိုးများ၊ အနံ့အသက်များ၊ ရေခိုးရေငွေ့များ ရှိသင့်သည့်ပမာဏထက် ပိုမိုများပြားစွာရှိနေခြင်းဖြစ်သည်။ ယင်းသို့ဖြစ်နေခြင်းသည် လူသားတို့၏ ကျန်းမာရေးကို တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်သည်။ လူတိုင်းသည် အသက်မရှူဘဲ မနေနိုင်သဖြင့် သန့်ရှင်းသောလေကို မရှူရှိုက်ရဘဲ မသန့်ရှင်းသော ညစ်ညမ်းသောလေကို ရှူရှိုက်ရပါက ကျန်းမာရေးပြဿနာထက်ပိုသော လူတို့၏ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည်။ အထူးသဖြင့် လေထုညစ်ညမ်းသော ဒေသများတွင် ဆေးလိပ်သောက်သုံးခြင်းမှအစ ရပ်တန့်ပစ်ရပြီး မသန့်ရှင်းသော လေကို ရှူရှိုက်နေရပါက အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကျန်းမာရေးကို ထိခိုက်စေသည်။

လေထုညစ်ညမ်းမှုဖြစ်ရခြင်း၏ ၆၀ ရာခိုင်နှုန်းခန့်မှာ ရေနံကဲ့သို့ တွင်းထွက်ပစ္စည်း လောင်စာများကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ ၁၆ ရာခိုင်နှုန်းမှာ တောမီးများ၊ မြူခိုးများ၊ ပင်လယ်ဓာတ်ဆားအငွေ့ပြန်ခြင်းကြောင့်ဖြစ်ပြီး ၂၂ ရာခိုင်နှုန်းမှာ လူသားများ ပြုလုပ်ဆောင်ရွက်ကြသည့် လုပ်ငန်းဆောင်တာများကြောင့်ဖြစ်ကြောင်း သိရသည်။ လေထုညစ်ညမ်းမှုကိုဖြစ်စေသော အမှုန်အမွှားပမာဏသေးငယ်လေ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်ထဲသို့ ဝင်ရောက်မှုလွယ်ကူလေဖြစ်သည်။ ကျွန်ုပ်တို့ နေ့စဉ် အသက်ရှူသွင်း၊ ရှူထုတ်ပြုလုပ်ရာတွင် မသန့်ရှင်းသောလေများ ရှူသွင်းလိုက်သည့်ပမာဏကို ခန့်မှန်းကြည့်နိုင်သည်။ သန့်ရှင်းသောလေကို ရှူရှိုက်ရသည့်ခံစားမှုနှင့် မသန့်ရှင်းသောလေကို ရှူရှိုက်ရသည့် ခံစားမှုကိုပင် ကွဲပြားစွာသိနိုင်သည်။

မသန့်ရှင်းသောလေကို ရှူရှိုက်မိပါက အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ဝင်ရောက်ကာ အဆုတ်၊ နှလုံး၊ အသည်းနှင့် ဦးနှောက်စသည့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများကို ရေရှည်တွင် ထိခိုက်မှုဖြစ်စေသည်။ ကင်ဆာကဲ့သို့ရောဂါများ၊ အခြားနာတာရှည်ရောဂါများ ဖြစ်ပွားနိုင်သည်။ အဓိကဖြစ်ပွားတတ်သောရောဂါများမှာ လေဖြတ်ခြင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ နာတာရှည် လေပြွန်ရောင်ရမ်းခြင်းရောဂါများ၊ နမိုးနီးယားကဲ့သို့ အဆုတ်ရောင်ရောဂါများ၊ အဆုတ်ရောဂါနှင့် မျက်စိတိမ်စွဲခြင်းရောဂါများကို ဖြစ်စေသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များ ကလေးမွေးဖွားရာတွင် အခက်အခဲဖြစ်စေခြင်း၊ ပေါင်ချိန်မပြည့်၊ လမစေ့ကလေးမွေးဖွားခြင်း၊ မွေးရာပါချို့ယွင်းသည့် ကလေးမွေးဖွားခြင်း၊ ပန်းနာရင်ကျပ်၊ ဆီးချိုနှင့် အာရုံကြောချို့ယွင်းခြင်း စသည့်ရောဂါများ ဖြစ်ပွားစေနိုင်သည်။

ယခုအခါ လေထုညစ်ညမ်းမှု အများဆုံးဖြစ်ပွားသည့်ဒေသများမှာ တောင်အာရှဒေသမှ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့၌ တောမီးလောင်မှုကြောင့် မီးခိုးမြူငွေ့ပြဿနာများကို ဖြေရှင်းနေရသည်။ မြန်မာနိုင်ငံတွင် ပွင့်လင်းရာသီကာလ၌ တောမီးလောင်မှုများဖြစ်ပေါ်လာနိုင်သည့်အတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် တောမီးလောင်မှုနှင့်ပတ်သက်၍ စစ်ဆေးခြင်း၊ ပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ လဟာပြင်တွင် မီးမရှို့စေရေး ပညာပေးဟောပြောမှုများ၊ အိမ်သုံးနှင့် လယ်ယာသုံးစွန့်ပစ်ပစ္စည်းများကို မီးမရှို့စေရေး၊ စနစ်တကျစွန့်ပစ်နိုင်ရေး၊ အမှိုက်မီးရှို့စက်ဖြင့် စနစ်တကျမီးရှို့ရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး လေထုအရည်အသွေးတိုင်းတာခြင်းကိုလည်း ပုံမှန်ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း တိုးတက်ဖြစ်ထွန်းမှုများမြင့်မားလာသလို လူမှုစီးပွားဘဝများ၌ လေထုညစ်ညမ်းမှုကိုဖြစ်စေသည့် လုပ်ဆောင်မှုများ ပိုမိုများပြားလာရာ ပတ်ဝန်းကျင်လေထုအရည်အသွေးကို ပျက်စီးစေနိုင်သည့် လေထုညစ်ညမ်းမှုကိုဖြစ်စေသော လုပ်ဆောင်မှုအဝဝတို့ကို အသိတရားဖြင့် လျှော့ချကြကာ သက်ရှိလူသားများ အသက်ရှည် ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျောင်းအပ်လက်ခံမည့်ရက် (သတင်းပို့ရမည့်ရက်)နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက်များ ထုတ်ပြန်ကြေညာ

**သန်လျင် နိုဝင်ဘာ ၁၈**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ပထမနှစ်ဝက်သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းနှင့် တတိယနှစ်၊ စတုတ္ထနှစ်နှင့် ဘွဲ့လွန်တန်း ဒုတိယနှစ်ဝက်သင်တန်းများ၏ သတင်းပို့လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)မှစ၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းနှစ်အားလုံးကို ၂၁-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၆၀၀ | ၁,၄၅၅ | ၁၂,၀၂၇,၈၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၃,၁၄၀ | ၁၀,၃၆၂,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၅၀၀ | ၃၈ | ၃၂၂,၁၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၉,၈၀၈ | ၁၈,၆၃၅,၂၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၆၂၀ | ၁,၇၆၇,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၈၀၀ | ၁,၃၇၅,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၅၀၁ | ၂,၂၅၄,၅၀၀ |
| MAEX | ၃,၂၅၀ | ၃,၃၀၀ | ၁,၁၈၉ | ၃,၉၁၄,၂၅၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၁ | ၃၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။

☆ ရှေ့ဖုံးမှ

ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

**ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများ ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာ ကျောက်စိမ်း ခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ **စာမျက်နှာ ၄ သို့** ☆



**ကျောက်စိမ်းအတွဲများ ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုလေ့လာ

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော် ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာ များကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ကြောင်း၊ ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေ၊ မြန်မာကျပ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲအား နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့ဖွင့်ပွဲအခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင် ၄၅၀၀ ကျော်လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

**နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ကြောင်း၊ ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေ၊ မြန်မာကျပ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ စတင်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

**စိတ်ကြိုက်လေ့လာကြည့်ရှု**

ဦးစွာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက် အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

ထို့နောက် ရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများနှင့် ကျောက်မျက် အတွဲများအတွက် ဈေးနှုန်း တင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် အုပ်စု(အေ၊ဘီ၊စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

**အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်**

ပုလဲအတွဲများကို နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်လည်းကောင်း၊ ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ လည်းကောင်း၊ အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ယခုပြပွဲတွင် ပုလဲအတွဲနှင့် ကျောက်မျက်အတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့် လည်းကောင်း ပေးချေ ဝယ်ယူနိုင်မည်ဖြစ်သည်။





ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

**ပေးချေဝယ်ယူနိုင်မည်**

အုပ်စု(အေ)နှင့် အုပ်စု(ဘီ)တို့မှ ကျောက်စိမ်းအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိပြီး ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအားလုံး ဝယ်ယူခွင့်ရှိကာ အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို ဝယ်ယူခွင့်ရရှိသည့် ပြည်ပ ရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် အုပ်စု (အေ)အတွက် နိုင်ငံခြားငွေနှင့် အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများသည် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်းဖြစ်သည့်အတွက် ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းဈေးကို ကျပ်ငွေဖြင့် သတ်မှတ်ထားရှိကာ ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍနှင့် မြန်မာ့ပုလဲရတနာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေသည့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိပြီး ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – အောင်ရဲသွင်**
**ဓာတ်ပုံ – ကိုကိုထိန်**



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

(၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသားရေးမှသည် လွတ်လပ်ရေးဆီသို့ .....

ဖေဇော်

မြန်မာနိုင်ငံကို စစ်သုံးကြိမ်ပြု၍ နှစ်ပေါင်း ၁၀၀ ကျော် အုပ်ချုပ်သွားခဲ့သော အုပ်ချုပ်သူ နယ်ချဲ့ အစိုးရကို ပထမဆုံး ထိထိရောက်ရောက် တော်လှန်ခဲ့သောနေ့ကို နောင်လာနောက်သား အမျိုးသားတို့ အမှတ်တရရှိစေရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ အစဉ်နိုးကြားနေစေရန်အလို့ငှာ မြန်မာနိုင်ငံ၌ တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ဟူ၍ လွန်ခဲ့သော နှစ်ပေါင်း ၁၀၂ နှစ်က သတ်မှတ်ခဲ့လေသည်။

**အမျိုးသားရေးစိတ်ဓာတ်နိုးကြားလာမှု**

အမှန်မှာ မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်သည် ဗြိတိသျှတို့လက်တွင်းသို့ မြန်မာနိုင်ငံ မကျရောက်မီ ၁၈ ရာစု နှောင်းပိုင်းကပင် ရှိနေခဲ့ပြီး ဖြစ်ကြောင်း သမိုင်းပညာရှင်များဖြစ်ကြသည့် မိုက်ကယ်ချာနေးနှင့် ဇစ်တလစ်ဘာမန်းတို့က ရေးသားခဲ့ကြသည်။ မြန်မာတို့၏ ခေတ်သစ် အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာမှုသည် သီပေါမင်း ပါတော်မူပြီးနောက် တစ်စတစ်စကြီးထွားလာခဲ့ခြင်းဖြစ်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းနှင့် ဒေါက်တာတိုးလှစသည့် သမိုင်းသုတေသီပညာရှင်များကလည်း ရေးသားခဲ့ကြသည်။

အင်္ဂလိပ်တို့က ၁၈၂၄၊ ၁၈၅၂ နှင့် ၁၈၈၅ ခုနှစ်တို့တွင် စစ်သုံးကြိမ်ပြုကာ မြန်မာကို ကျွန်ပြုအုပ်ချုပ်ခဲ့ပြီး နှစ်ပေါင်း ၃၅ နှစ်အကြာ ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့) တွင် ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများက မက်သယူးဟန်းတား၏ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့် အနေဖြင့် သပိတ်မှောက်ခြင်းဖြင့် လူမျိုးခြားလက်အောက်မှ ပြန်လည်လွတ်မြောက်ရေးအတွက် အမျိုးသားတော်လှန်ရေးကြီးကို စတင်လိုက်ခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို နှိုးဆွပေးခဲ့လေသည်။

စင်စစ် မြန်မာတို့ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာရသည့် အခြေခံအကြောင်းရင်းများတွင် ကိုလိုနီခေတ်တစ်လျှောက် ရုံးသုံးစာပေအဖြစ် အင်္ဂလိပ်ဘာသာဖြင့်သာ သတ်မှတ်သုံးစွဲခဲ့ကြခြင်း၊ အရပ်သုံး၊ စီးပွားရေးနယ်ပယ်သုံး ဘာသာစကားအဖြစ် ဟိန္ဒူစတန်နီလို အိန္ဒိယဘာသာစကားများကို သုံးစွဲခဲ့ရခြင်း၊ ၁၉၁၀ ပြည့်လွန်ကာလဆီက မြန်မာသင်ပုန်းကြီးပြဋ္ဌာန်းဖတ်စာထဲတွင် အသုံးနည်းသည့် မြန်မာအက္ခရာတချို့ကို ဖြုတ်ပယ်ရန် ကြံစည်ခဲ့ကြသည်ကို မြန်မာလူကြီးများက လက်မခံဘဲ ကန့်ကွက်ခဲ့ကြခြင်းစသည့် အချက်များလည်း ပါဝင်ခဲ့သည်။


၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်အပြီး ဗဟန်းအမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့ရာ သင်ကြားပို့ချပေးသည့် ဆရာများနှင့် ကျောင်းသားများကို တွေ့ရစဉ်။

**YMBA အသင်းကို ထူထောင်**

ထို့ပြင် နိုင်ငံရေးအသင်းအဖွဲ့များ မဖွဲ့စည်းရဟု အင်္ဂလိပ်တို့က ချိုးနှိမ်ပညတ်ထားသည့်ကြားမှပင် ခရစ်ယာန်ဘာသာဝင်များက ခရစ်ယာန်ဘာသာ သာသနာယုဝအသင်းကို တည်ထောင်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်များကလည်း ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (Young Men Buddhist Association) ခေါ် YMBA အသင်းကို ထူထောင်လိုက်ကြသည်။

ထိုစဉ်က ဗြိတိသျှမျက်နှာဖြူတို့သည် မြန်မာလူမျိုးများ အထွတ်အမြတ်ထားသော ဘုရားစေတီပုထိုးများပေါ်သို့ ဖိနပ်စီးတက်ကြသည်။ ဘုရားရှေ့မှာ၌လည်း ဗြိတိသျှလူမျိုးများနှင့် ဥရောပလူမျိုးများမှအပ မည်သူမျှဖိနပ်မစီးရဟူသော စာတန်းကို ချိတ်ဆွဲထားခဲ့ကြသည်။

၁၉၁၈ ခုနှစ်တွင် ပဲခူးလျှောင်ဒဏ်ကြောင့် ရွှေမော်ဓောဘုရားကြီး၏ စိန်ဖူးတော်မြေခခဲ့ရသည်။ ဤဖြစ်ရပ်ကို ကြည့်ရှုရန် ဗြိတိသျှဒုတိယဘုရင်ခံဖြစ်သော ဆာရယ်ဂျီနယ် ဂရက်ဒေါက်သည် စေတီကုန်းတော်ပေါ်သို့ ဖိနပ်မချွတ်ဘဲ တက်ခဲ့သည်မှ အစပြု၍ မြန်မာတစ်ပြည်လုံး အုံကြွလာခဲ့ကြသည်။ ရန်ကုန်မြို့ရှိ ဂျူဗလီဟောခန်းမကြီးတွင် ပြည်လုံးကျွတ်စည်းဝေးပွဲတစ်ရပ်ကို လူဦးရေ ၄၀၀ ခန့်ဖြင့် ကျင်းပခဲ့ကြသည်။ ဖိနပ်ပြဿနာ- The Shoe Question ကို အပြင်းအထန် ကန့်ကွက်ခဲ့ကြပေရာ မျက်နှာဖြူများ အံ့သြတုန်လှုပ်သွားခဲ့ကြရသည်။

YMBA အသင်းကလည်း ဘာသာရေးကို အခြေခံပြီး စည်းဝေး၊ စည်းရုံးရင်းဖြင့် YMBA အသင်းသားဦးရေ များသထက်များလာသည်။ ၁၉၁၁ ခုနှစ်တွင် GCBA အသင်းချုပ်ကြီး၏ မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဦးဆုံး အစည်းအဝေးကြီးကို ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် မန္တလေးမြို့၌ ကျင်းပသော တတိယ အကြိမ် အစည်း အဝေးတွင် မြန်မာနိုင်ငံကလေးများ ၏ ပညာရေးကိုမသင်မနေရ ပညာရေး ဥပဒေပြဋ္ဌာန်းရန်အတွက် အစိုးရထံ တင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၁၇ ခုနှစ်တွင် ပျဉ်းမနားမြို့၌ ကျင်းပသော အစည်း အဝေးတစ်ရပ်၌ ဗြိတိသျှအထောက်အပံ့ခံ မည်သည့် High School တွင် မဆို အင်္ဂလိပ်ကျောင်းအုပ်ကြီး ခန့်ထားခြင်းကို ပယ်ဖျက်ပေးရန် အင်္ဂလိပ်အစိုးရထံ တင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။




၁၉၁၈ ခုနှစ်တွင် မော်လမြိုင်မြို့၌ ကျင်းပသော အစည်းအဝေး၌ India University က ကျင်းပသည့် Matriculation Examination ကို မြန်မာပြည်တွင် ကျင်းပပေးရန် အင်္ဂလိပ်အစိုးရထံ တင်ပြမည်။ အင်္ဂလိပ်အစိုးရက ခွင့်မပြုလျှင် အိန္ဒိယအစိုးရထံ လျှောက်ထားတင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ ကျင်းပခဲ့သည့် အစည်းအဝေး၌ မြန်မာပြည်ရှိ မြန်မာမြေဟူသမျှ မြန်မာလူမျိုးများသာ ပိုင်ဆိုင်လုပ်ကိုင်ခွင့်အမြဲရှိစေရန် ဥပဒေပြုစီရင်ပေးပါမည့်အကြောင်း တင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။

ထူးခြားချက်မှာ ယခုဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းကြီးအား မြန်မာတစ်နိုင်ငံလုံးရှိ အသင်းပေါင်း ၂၀၀၀ ကျော်ကို အားလုံးပေါင်းစပ်ပြီး (General Council of Burmese Association) မြန်မာနိုင်ငံလုံးဆိုင်ရာ GCBA အသင်းချုပ်ကြီးအဖြစ် ဖွဲ့စည်းလိုက်ကြပြီး နိုင်ငံရေးနယ်ပယ်ထဲသို့ အတိအလင်းခြေစုံပစ် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်လေသည်။

၁၉၂၀ ပြည့်နှစ်တွင် ပေါ်ပေါက်လာသော ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ပြုလုပ်ခဲ့သော သပိတ်အရေးတော်ပုံ၏ ရည်ရွယ်ချက်မှာ ကျွန်ပညာရေးစနစ်ကို တိုက်ဖျက်ပြီး အမျိုးသားပညာရေးစနစ်ကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

**“မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ”** ဟူသော ကြွေးကြော်သံနှင့်အညီ မြန်မာဘာသာဖြင့် သင်ကြားရေးကို မဏ္ဍိုင်ပြုပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို မြန်မာဘာသာပြန်ဆိုပြဋ္ဌာန်းရန်၊ တိုင်းပြည် ကြီးပွားတိုးတက်မည့်ပညာများ သင်ကြားရန်၊ မြန်မာ့ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးရန်နှင့် အမျိုးသားစိတ်ဓာတ် နိုးကြားလာစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားကျောင်းများ ဖြစ်မြောက်လာစေရန် တွန်းအားပေးခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို (National Day) ခေါ် အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ချိန်မှစပြီး မြန်မာလူထုသည် လက်နက်ကိုင်၍ တစ်မျိုး၊ စည်းဝေးဆွေးနွေး တောင်းဆိုခြင်းဖြင့် တစ်သွယ်၊ မြန်မာကိုယ်စားလှယ်များကို ဗြိတိသျှအစိုးရ ကိုယ်စားလှယ်များနှင့် အရေးဆိုရန် စေလွှတ်၍တစ်ဖုံ နည်းမျိုးစုံဖြင့် လွတ်လပ်ရေးအတွက် တောင်းဆိုခဲ့ကြသကဲ့သို့ ထိုခေတ် မြန်မာသတင်းစာဆရာများ၊ စာပေ၊ ဂီတပညာရှင်များ သာမက ရဟန်းတော်များကပါ နယ်ချဲ့တို့ကို နည်းအမျိုးမျိုးဖြင့် ဆန့်ကျင်တုံ့ပြန်ခဲ့ကြသည်။

အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွလာအောင် နှိုးဆွပေးခဲ့ကြသူများတွင် စာပေ၊ ဂီတ၊ သဘင်၊ အနုပညာရှင်များလည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့ကြလေသည်။

**စာမျက်နှာ ၇ သို့ ☆**

**❛မြန်မာတို့ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာရသည့် အခြေခံအကြောင်းရင်းများတွင် ကိုလိုနီခေတ်တစ်လျှောက် ရုံးသုံးစာပေအဖြစ် အင်္ဂလိပ်ဘာသာဖြင့်သာ သတ်မှတ်သုံးစွဲခဲ့ကြခြင်း၊ အရပ်သုံး၊ စီးပွားရေးနယ်ပယ်သုံး ဘာသာစကားအဖြစ် ဟိန္ဒူစတန်နီလို အိန္ဒိယဘာသာစကားများကို သုံးစွဲခဲ့ရခြင်း၊ ၁၉၁၀ ပြည့်လွန်ကာလဆီက မြန်မာသင်ပုန်းကြီး ပြဋ္ဌာန်းဖတ်စာထဲတွင် အသုံးနည်းသည့် မြန်မာအက္ခရာတချို့ကို ဖြုတ်ပယ်ရန် ကြံစည်ခဲ့ကြသည်ကို မြန်မာလူကြီးများက လက်မခံဘဲ ကန့်ကွက်ခဲ့ကြခြင်း စသည့်အချက်များလည်း ပါဝင်ခဲ့❜**

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီ ပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

✰ စာမျက်နှာ ၆ မှ

၁၈၈၅ ခုနှစ် မန္တလေးကို ဗြိတိသျှတို့ သိမ်းပြီးခါစမှာပင် မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီးနှင့် အခြားရာဇဝင်စာအုပ်များကို ပြုစုထုတ်ဝေခဲ့ကြကြောင်း သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာတိုးလှက ၂၀၁၇ က ထုတ်သည့် မြန်မာသမိုင်းသုတေသနစာစောင်ပါ ကိုလိုနီခေတ်ဦး မြန်မာနိုင်ငံစာတမ်းတွင် ရေးသားခဲ့သည်။ အင်္ဂလိပ်တို့နှင့်အတူ ပြည်သိမ်းတပ်အဖြစ် လိုက်ပါလာသည့် စစ်သည်များကို ရွံရှာမုန်းတီးစိတ်ဖြင့် စပ်ဆိုခဲ့ကြသည့် ကျေးလက်သီချင်းများလည်း ရွှေဘို၊ ရေဦးစသည့် နယ်ဘက်တွင် ပေါ်ပေါက်ခဲ့သည်။

### နိုးကြားစေခဲ့

ရုပ်သေးအနုပညာရှင်များကလည်း ရုပ်သေးစင်ပေါ်မှ ရွှေပြည်ကြီး၊ ပြည်ကုန်းဘောင်စသည့် တေးသီချင်းများ သီဆိုခြင်းမပြုကြရန် ဗြိတိသျှအစိုးရက တားမြစ်သည်အထိ တေးသီချင်းများ စပ်ဆိုလှုံ့ဆော်ခြင်းဖြင့် မျိုးချစ်စိတ် အရှိန်အဟုန်က ကြီးမြင့်လာခဲ့သည်။ ထို့နောက်ပိုင်း ဓာတ်ပြားစက်များ ပေါ်ပေါက်လာချိန်တွင် တို့ဗမာ၊ ပါတော်မူ၊ ရွှေနန်းတက်ပွဲစသည့် တေးသီချင်းများက မြန်မာအမျိုးသားရေးဝါဒကို အကြီးအကျယ်နိုးကြားစေခဲ့သည်။

၁၉၁၁၊ ၁၉၁၄ တို့တွင် စတင်ထုတ်ဝေခဲ့သည့် သူရိယနှင့် မြန်မာ့အလင်းသတင်းစာ၊ ၁၉၂၀ ပြည့်နှစ်က စတင်ထုတ်ဝေခဲ့သည့် ဒဂုန်မဂ္ဂဇင်း၊ ၁၉၃၀ ပြည့်လွန်ကာလက ထုတ်ဝေခဲ့သည့် ဆယ်သန်း၊ ကြီးပွားရေး၊ ဂျာနယ်ကျော် စသည့်စာနယ်ဇင်းများသည် မြန်မာပြည် နိုင်ငံရေးကို မျက်စိဖွင့်နိုးကြားစေခဲ့သည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာစောင်များဖြစ်ကြသည်။ ဗြိတိသျှလက်အောက်တွင် ပုံနှိပ်ဥပဒေအမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်မှုများ ကြားမှပင် အမျိုးသားရေးစိတ်ဓာတ်ကို နှိုးဆွပေးခဲ့ကြသည့် စာနယ်ဇင်းများ၏ အင်အားက အမျိုးသားရေးစိတ်အဟုန်ကို တိုးမြင့်လာစေခဲ့သည်။

သည်ဘက်ခေတ် စာပေပညာရှင်ကြီး ဆရာဇော်ဂျီ၏ မောင်တို့ကြားကုန်လော့ အစချီ **“ရှေးခေတ်ပုဂံပြည်”** ကဗျာ၊ ဆရာ မင်းသုဝဏ်၏ **“သပြေညို”** စသည့် မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေသည့် ဂန္ထဝင်ကဗျာတို့ကြောင့်လည်း အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုနိုးကြားလာစေခဲ့သည်။

ဆိုရလျှင် အမျိုးသားရေးစိတ်ကို နိုးကြားတက်ကြွ အမှတ်ရစေသောငှာ အမျိုးသားနေ့ဟူ၍ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ဂျူဗလီဟောခန်း၌ ကျင်းပသော ဂျီစီဘီအေ အထူးကွန်ဖရင့်က ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေကို ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့ဟု သတ်မှတ်ကြောင်း ဆုံးဖြတ်အတည်ပြုပေးခဲ့သည်။

### ဆုံးဖြတ်အတည်ပြု


ထိုနေ့သည် အုပ်ချုပ်သူ နယ်ချဲ့အင်္ဂလိပ်အစိုးရကို ထိထိရောက်ရောက် တော်လှန်သောနေ့၊ ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကျောင်းသားများ သပိတ်မှောက်သည့်နေ့၊ အမျိုးသားတော်လှန်ရေး စတင်သည့်နေ့ဖြစ်ခြင်းတို့ကြောင့် အမျိုးသားနေ့အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုခဲ့ကြခြင်း ဖြစ်သည်။ ထိုနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရအပေါ် အောင်ပွဲခံသောနေ့ဖြစ်၍ **အမျိုးသားအောင်ပွဲနေ့** ဟုလည်း ခေါ်ကြသေးသည်။

ရက်သတ်မှတ်ရာတွင်ပင် အမျိုးသားနေ့၏ အဓိပ္ပာယ် ပြည့်စုံပေါ်လွင်ပီပြင်စေရန် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်သော အင်္ဂလိပ်ရက်ဖြစ်သည့် ဒီဇင်ဘာ ၅ ရက်ဟု မသတ်မှတ်ဘဲ မြန်မာရက်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဟု ရည်ရွယ်ချက်ရှိရှိ သတ်မှတ်ပေးခဲ့ခြင်းလည်း ဖြစ်သည်။ ဤသည်ကပင် အမျိုးသားရေး လက္ခဏာသည် ပို၍ပေါ်လွင်ထင်ရှားစေခဲ့သည်။

အမျိုးသားနေ့ သတ်မှတ်ပေါ်ပေါက်လာသော ၁၉၂၂ ခုနှစ်မှစ၍ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ရောက်တိုင်း အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများ ကျင်းပခဲ့သည်။ အမျိုးသားနေ့ကို အဖွဲ့အစည်းအားလုံးနှင့် တိုင်းရင်းသားတိုင်းက အမြတ်တနိုးထား၍ လေးစားကြပြီး အညီအညွတ် ကျင်းပခဲ့ကြသည်။ အမျိုးသားနေ့ကို ၁၉၃၄ ခုနှစ်မှစ၍ ကျောင်းပိတ်ရက်အဖြစ်လည်းကောင်း၊ ၁၉၃၈ ခုနှစ်မှစ၍ ရုံးပိတ်ရက်အဖြစ် လည်းကောင်း ပြဋ္ဌာန်းခဲ့သည်။

အမျိုးသားနေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သော ၁၉၃၈ ခုနှစ်သည် မြန်မာနိုင်ငံ၌ မြန်မာလူထုတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့သည့် ၁၃၀၀ ပြည့်အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သောနှစ်လည်းဖြစ်သည်။ ထိုအရေးတော်ပုံကြီးပေါ်ပေါက်ခဲ့ပြီး ၁၀ နှစ်အကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် တနင်္ဂနွေနေ့တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပေရာ အမျိုးသားရေးမှသည် လွတ်လပ်ရေးဆီသို့ အောင်မြင်စွာ ကူးမြောက်နိုင်ခဲ့သော မြန်မာတို့၏ အမျိုးသားနေ့ကို အစဉ်မမေ့အပ်ပါကြောင်းနှင့် အမျိုးသားရေးစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်နေရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

**ရည်ညွှန်း –** Wikipedia နှင့် နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်သံမီဒီယာများမှ ထုတ်လွှင့်တင်ဆက်မှုများ



အမျိုးသားကျောင်းများအစပြုရာ ရန်ကုန်မြို့ရှိ မြို့မကျောင်းကို တွေ့ရစဉ်။

**❛ မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါဟူသော ကြွေးကြော်သံနှင့်အညီ မြန်မာဘာသာဖြင့် သင်ကြားရေးကို မဏ္ဍိုင်ပြုပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို မြန်မာဘာသာပြန်ဆိုပြဋ္ဌာန်းရန်၊ တိုင်းပြည်ကြီးပွားတိုးတက်မည့် ပညာများသင်ကြားရန်၊ မြန်မာ့ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးရန်နှင့် အမျိုးသားစိတ်ဓာတ် နိုးကြားလာစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားကျောင်းများ ဖြစ်မြောက်လာစေရန် တွန်းအားပေးခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို (National Day) ခေါ် အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ် ❜**

# Naypyitaw State Polytechnic University ဖွင့်လှစ်နိုင်ရေး သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Naypyitaw State Polytechnic University ကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့သည် ယနေ့နံနက်ပိုင်းတွင် Polytechnic University ဖွင့်လှစ်နိုင်ရေး သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးများသည် Naypyitaw State Polytechnic University ရှိ Theatre ခန်းများ၊ စာသင်ခန်းများ၊ ICT နည်းပညာများကို အသုံးပြု၍ LMS စနစ်ဖြင့် သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်မည့်အခြေအနေ၊ အလုပ်ရုံနှင့် ဘာသာရပ်ဌာနအလိုက် သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးဇော်ဦး အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



**နေပြည်တော် နိုဝင်ဘာ ၁၉**

အိန္ဒိယသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရော ပါဒီ မာမူ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# ကနီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယားများ ဆောင်ရွက်ပေး

**ယင်းမာပင် နိုဝင်ဘာ ၁၈**

ကနီမြို့နယ်၏ အိမ်ထောင်စုဇယားဆောင်ရွက်ခြင်းလုပ်ငန်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားဆောင်ရွက်ခြင်းလုပ်ငန်း၊ EID ကွန်ပျူတာစနစ်လုပ်ငန်းများ၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကနီမြို့နယ်၏ လဝကလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ "ကျွန်တော့်အနေနဲ့ ကနီမြို့နယ်နဲ့ ယင်းမာပင်မြို့နယ်အတွက် ဆောင်ရွက်ပေးနေပါတယ်။ လာရောက်ဆောင်ရွက်တဲ့ ပြည်သူတွေကို မှတ်ပုံတင်လဲလှယ်ပေးတာ၊ အသစ်ထုတ်ပေးတာ၊ မှတ်ပုံတင်ပျောက်ဆုံး၊ ပျက်စီးသူတွေအတွက် ထပ်မံထုတ်ပေးတာ၊ အိမ်ထောင်စုဇယားတွေ ဆောင်ရွက်ပေးတာတွေကို ပြည်သူတွေ အခက်အခဲမရှိအောင်၊ အချိန်ကြန့်ကြာမှုတွေ မဖြစ်အောင် ဆောင်ရွက်ပေးနေပြီး နိုင်ငံတော်က သတ်မှတ်ထားတဲ့ အခကြေးငွေကိုသာ ပေးသွင်းစေခြင်းဖြစ်ပါတယ်" ဟု ယင်းမာပင်မြို့နယ်တာဝန်ခံဦးစီးမှူးက ပြောသည်။



မုံရွာမြို့တွင် ဖွင့်လှစ်ထားသည့် ကနီမြို့နယ် လဝက(ယာယီရုံး)တွင် မှတ်ပုံတင်အသစ် ပြုလုပ်ခြင်း၊ ပျောက်ဆုံးပျက်စီးသူများအတွက် ထပ်မံထုတ်ပေးခြင်း၊ အိမ်ထောင်စုဇယားများ ဆောင်ရွက်ပေးခြင်းကို ပြည်သူ ၆၀၀ ခန့်အထိ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

**မစိုးစိုး**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လူမှုစီးပွားမြှင့်တင်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၇ / ၂၀၂၄)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

**လူမှုစီးပွားမြှင့်တင်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ (၂၈)လမ်း (မြောက်ဘက်)၊ အောင်သာယာရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လူမှုစီးပွားမြှင့်တင်ရေးပါတီ**ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လူမှုစီးပွားမြှင့်တင်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ( ၅၄ ) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အတည်ပြုရွေးချယ်ထားသည့် အမှတ်တံဆိပ် Logo အား အထူးထုတ်စာပို့တံဆိပ်ခေါင်းအဖြစ် (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်)(ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် နိုဝင်ဘာ ၂၁ ရက် (ကြာသပတေးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်

**(၁၈-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၀-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈၅၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမအသင်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်ပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သမဝါယမအသင်းအမှုဆောင်များအတွက် သမဝါယမအသင်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းတွင် သမဝါယမအသင်းများ နည်းစနစ်မှန်ကန်စွာ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန် အချက်များ၊ နေကြာသီးနှံအား ရုရှားမြေဩဇာသုံးစွဲ၍ စိုက်ပျိုးနည်းစနစ်များ၊ မိုးစပါး၊ ဝါ၊ နေကြာသီးနှံများအတွက်နှုန်းတိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ရရှိရေးအတွက် စနစ်တကျ ဆောင်ရွက်ရန်အချက်များ၊ သမဝါယမအသင်း စာရင်းဇယားများ စနစ်တကျရှိစေရန်နှင့် ဘဏ္ဍာငွေများ စနစ်တကျထိန်းသိမ်းတတ်စေရန်၊ စာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းစစ်ဆေးခြင်း စသည့် သမဝါယမပညာရပ်များကို သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနည်းပညာဗဟုသုတများကို စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များက သင်ကြား ပို့ချသွားမည်ဖြစ်၍ သင်တန်းသားများ အနေဖြင့် ကြိုးစားလေ့လာ သင်ယူကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။



သင်တန်းသို့ သင်တန်းသား ၉၆၉ ဦးတို့က စာတွေ့၊ လက်တွေ့ သင်ယူခြင်းစနစ်၊ အွန်လိုင်းစနစ်တို့ဖြင့် နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်ထိ လေ့လာသင်ယူသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းနှင့် အရာထမ်းလောင်း(အထူး)သင်တန်း ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၈)ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ပိုမိုကောင်းမွန်ပြီး အခြေခံပညာရေးနှင့် စပ်လျဉ်းသော ဗဟုသုတများအပြင် နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊ ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက် စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

**အားသွန်ခွန်စိုက်ထမ်းဆောင်**

ဆရာ ဆရာမများသည် ပါတီနိုင်ငံရေးကင်းရှင်းကာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကျင့်ဝတ်လိုက်နာသည့် စံပြဆရာ ဆရာမများဖြစ်အောင် ပြုမူနေထိုင်ကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ဆရာ ဆရာမများသည် ဆန်းသစ်သည့် နည်းပညာများကို လေ့လာပြီး မျိုးဆက်သစ်လူငယ်များကိုလက်ဆင့်ကမ်းမျှဝေကြရန်နှင့် နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ ဆရာမများအဖြစ် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် အားသွန်ခွန်စိုက် ထမ်းဆောင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၈)သို့ သင်တန်းသား ၃၀၊ သင်တန်းသူ ၃၆၂ ဦး စုစုပေါင်း ၃၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၂၀ ရက်အထိ ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

ထို့ပြင် အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရတနာသိဃ်ခန်းမ၌ ကျင်းပပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၉၅ ဦး စုစုပေါင်း ၁၂၁ ဦး တက်ရောက်ကြပြီး သင်တန်းကို ၂၀၂၅ ခုနှစ် မတ် ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံခရီးသွားလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ကွန်ဖရင့်နှင့် အာဆီယံအပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

စင်ကာပူနိုင်ငံတွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ကော်မရှင်က ဦးဆောင်ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကွန်ဖရင့်နှင့် ဆက်စပ်၍ စင်ကာပူနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံအပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

နိုဝင်ဘာ ၁၃ ရက်တွင် စင်ကာပူနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ရုံး၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ အဓိကခရီးသွားဈေးကွက်နိုင်ငံများနှင့် အနာဂတ်မျှော်မှန်းချက်၊ အာဆီယံခရီးသွားလုပ်ငန်းကဏ္ဍ မဟာဗျူဟာ ၂၀၃၀ ရေးဆွဲရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအလားအလာများအရ အနာဂတ်အာဆီယံ ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းလျာထား ဆောင်ရွက်သင့်သည်များကိုအကြံပြုဆွေးနွေးကြသည်။




နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကွန်ဖရင့်ကို ဆက်လက်ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု၊ လူမှုအဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Alvin Tan နှင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကော်မရှင် ဥက္ကဋ္ဌ Mr. Luigi Cabrini တို့တက်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံနှင့် နိုင်ငံတကာမှ စိတ်ပါဝင်စားသူ ကိုယ်စားလှယ် ၅၀၀ ကျော် တက်ရောက်ကြသည်။ အဆိုပါ ကွန်ဖရင့်တွင် နိုင်ငံတကာမှ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခရီးသွားလုပ်ငန်းများနှင့် ခရီးစဉ်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးစံနှုန်းများ ရေးဆွဲသတ်မှတ်ထားမှု၊ ကဏ္ဍအလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ပါဝင်သက်ဆိုင်သူများ စုပေါင်းဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် အာဆီယံ အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးအစီအစဉ်သို့ ဆက်လက်ပါဝင်တက်ရောက်ခဲ့ပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းများအနက် အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်သင့်သည့် အခြေအနေ၊ အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်အသုံးပြုမှု လျှော့ချရေး အစီအစဉ်များ ထည့်သွင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် Marina Bay Cruise Centre Singapore နှင့် Singapore Cruise Centre အပျော်စီးသင်္ဘောဆိပ်များသို့ သွားရောက်ခဲ့ပြီး စင်ကာပူနိုင်ငံသို့ ဝင်/ထွက် သွားလာရာတွင် လွယ်ကူအဆင်ပြေအောင် ဝန်ဆောင်မှုပေးနေမှု လုပ်ငန်းစဉ်များကို လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# နိုင်ငံ့ဂုဏ်နှင့် အားကစားအဆင့်အတန်း မြင့်မားစေနိုင်သည့် အမျိုးသားအားကစား စွမ်းပကားများ

ကိုရင်မောင်

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက် အားပေးမှုအပေါ်တွင် များစွာတည်ရှိနေသည်ကို အကဲခတ်တွေ့ရှိနိုင်ပါသည်။ ပြည်သူလူထု တစ်ခဲနက်အားပေးကြရန်အတွက် နိုင်ငံတကာအဆင့်မီ အားကစားပြိုင်ကွင်းကြီးများ၊ အားကစားခန်းမကြီးများ၊ လက်ရွေးစင်အားကစားသမားများ၊ ၎င်းတို့၏ တက်ကြွလှုပ်ရှားသည့် အားမာန်များ၊ ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားကြပုံများ၊ အားကစားနည်းစနစ်များ စုံလင်စွာဖြင့် ခင်းကျင်းမှုများအပြင် ပွဲမဝင်ခင်က ကြိုတင်ပြင်ဆင်မှုများ၊ အသိပေးလှုံ့ဆော်မှုများမှာ အထူးအရေးပါသည်ကို မြင်တွေ့နိုင်ပါသည်။

နိုင်ငံတကာအားကစားပြိုင်ပွဲများကို လေ့လာကြည့်လျှင် အားကစားပြိုင်ပွဲကြီးသို့ လာရောက်လေ့လာ ကြည့်ရှုအားပေးနိုင်ရန် အနူးအညွတ်ဖိတ်ခေါ် ခရီးဦးကြိုဆိုပြုထားသည့် စာတန်းများကို တွေ့ရမည်ဖြစ်၍ မည်သူမဆို သွားရောက်ကြည့်ရှုအားပေးလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း အထင်ကရကျင်းပခဲ့သည့် ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများတွင် အားကစားပြိုင်ပွဲများကို ပြည်တွင်း၊ ပြည်ပမှ တစ်ခဲနက်အားပေးနိုင်ရန် ကြိုဆိုဖိတ်ခေါ် အသိပေးနှိုးဆော်မှုများကို ပြုလုပ်ပေးခဲ့သဖြင့် ကိုယ်တိုင်လာရောက်အားပေးကြသူများအပြင် ကိုယ်တိုင်လာရောက်အားမပေးနိုင်သော်လည်း တီဗွီဖန်သားပြင်မှ တစ်ခဲနက်အားပေးကြသည်ကို တွေ့ရပါသည်။





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအားကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

### ကြည့်ရှုအားပေးခွင့်ရ

ကျွန်တော် ဖြတ်သန်းခဲ့သော ဘဝတစ်လျှောက်တွင် ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲအမျိုးမျိုးကို ကြုံတွေ့ခဲ့ဖူး၊ အားပေးခဲ့ဖူးပါသည်။ အားကစားကဏ္ဍအသီးသီးမှ နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုအမှတ်တရများနှင့် တစ်တိုင်းတစ်ပြည်လုံး ပြည်သူလူထုတစ်ရပ်လုံး တစ်ခဲနက်အားပေးမှုများကို ရင်ထဲအသည်းထဲ လှိုက်လှိုက်လှဲလှဲနှင့် ကြုံခဲ့ဖူးပါသည်။ အားကစားအောင်မြင်မှုများသည် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် ဝမ်းမြောက်ဂုဏ်ယူစရာများပင်ဖြစ်သည်။ အားကစားပြိုင်ပွဲများကို စိတ်ရောကိုယ်ပါ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေးချီးမြှောက်ခဲ့ကြသည့် ပြည်သူများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် အားကစားဝါသနာအိုး မဟုတ်သော်လည်း နေပြည်တော်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်စဉ်က ၂၀၁၃ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ ၂၀၁၄ အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ၊ ၂၀၁၅ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်၊ ၂၀၁၈ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးခွင့်ရခဲ့ဖူးသည်။

### အားကစားဖြင့်အကျိုးပြု

လုပ်ငန်းတာဝန်အရ အားကစားပြိုင်ပွဲကြီးများကျင်းပရာ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇေယျာသီရိ အားကစားကွင်းနှင့် အားကစားခန်းမကြီးများသို့ ရောက်ရှိသည့်အခါ နိုင်ငံတကာအဆင့်မီ ခမ်းနားထည်ဝါမှုနှင့် စနစ်တကျ ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ထားမှုများကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ခံစားခဲ့ရသည်။ အားကစားပြိုင်ပွဲအသီးသီးတွင် ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ကြသော အားကစားသမားများ၏ တက်ကြွဖွယ်အားမာန်များကို ကိုယ်တိုင်မြင်တွေ့ခဲ့သည်။ ကြီးကျယ်ခမ်းနားလှသည့် အားကစားပြိုင်ပွဲများကို ကိုယ်တိုင်လာရောက်ကြည့်ရှုအားမပေးနိုင်သော်လည်း ဝေးလံသည့်ဒေသ နိုင်ငံတစ်ဝန်းမှ ပြည်သူများနှင့် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံမှ ပြည်သူအများ၏ရှေ့မှောက် တီဗွီဖန်သားပြင်ပေါ်တွင် ယှဉ်ပြိုင်ကြသည့် မြင်ကွင်းများမှာ ယနေ့အချိန်အထိ ရင်ထဲစွဲနေအောင် မှတ်မိနေဆဲ ဖြစ်ကြပေလိမ့်မည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ အားကစားတစ်ဖွဲ့နှင့်တစ်ဖွဲ့ ယှဉ်ပြိုင်ကြသည့်အခါ မိမိနိုင်ငံ၏ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေးကို အားကစားဖြင့် လုပ်ဆောင်ပေးနေခြင်းဖြစ်သည့်အတွက် အားကစားဖြင့် နိုင်ငံတော်ကို အကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ်ရှုမြင်မိပါသည်။

### အားကျဂုဏ်တင်ဖွယ်ရာ

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၈၆ ခု ဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်မှာတင် မြန်မာနိုင်ငံတော်သီချင်းဖွင့်ပြီး အလေးပြုခဲ့ရသည့် ၈၆ ကြိမ်တိုင် မျက်ရည်ကျသည်အထိ ဝမ်းသာပီတိများနှင့် ဂုဏ်ယူခဲ့ကြရပါသည်။ ဤကဲ့သို့ ဂုဏ်သိက္ခာကို လိုချင်သည့်အတွက် တစ်နှစ်တာပတ်လုံး ငွေကြေးသန်းပေါင်းများစွာ အကုန်အကျခံ စခန်းသွင်းလေ့ကျင့်ပြီး အောင်မြင်မှုရအောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ အဆိုပါခံစားမှုများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ကြရသူများသာမက တီဗွီဖန်သားပြင်ပေါ်မှ မြင်တွေ့ကြရသော ပြည်သူအားလုံး၏ ခံစားချက်မှာ တို့မြန်မာဟူသည့် မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သော အားကစားပွဲတော်များ၊ အားကစားပြိုင်ပွဲကြီးများ၏ အထူးခံ့ညား ကြီးကျယ်ခမ်းနားမှုများကို ရင်သပ်ရှုမောဖွယ်၊ တက်ကြွလန်းဆန်းဖွယ် ရှုမြင်ရသောအခါ နိုးကြားတက်ကြွသော၊ မလျှော့သောဇွဲလုံ့လ၊ စွဲမြဲသော ဝီရိယ၊ အားကျစရာကောင်းသော ကြိုးပမ်းမှုအစုစုတို့အတွက် များစွာအတုယူ မှတ်သားဂုဏ်တင်စရာများပင်ဖြစ်သည်။

### အားကစားစိတ်ဓာတ်

အားကစားစိတ်ဓာတ်သည် လွန်စွာအရေးကြီးပါသည်။ လူတိုင်းလူတိုင်းဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ဖူးကြပါလိမ့်မည်။ အားကစားစိတ်ဓာတ်အပြည့်အဝရှိသူ၊ အားကစားကို အပြည့်အဝအားပေးသူ တစ်ယောက်အနေဖြင့်ဆိုလျှင် မည်သည့်အခက်အခဲပင် တွေ့ကြုံရသည်ဖြစ်စေ အားကစားမှ ပေးစွမ်းခဲ့သော အနိုင်မခံ အရှုံးမပေးလိုသည့်စိတ်ဓာတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့် စိတ်ဓာတ်များဖြင့် ရင်ဆိုင်ကျော်ဖြတ်သွားနိုင်သည့် စိတ်ဓာတ်မျိုးကို အားကစားမှ ရရှိနိုင်မည်ဖြစ်ပါသည်။ အားကစားဆိုင်ရာခံယူချက်အမျိုးမျိုးရှိသည့်အနက် **"အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နေခြင်းဖြစ်ပါသည်"** ဟူသောအချက်သည် အမြင့်မားဆုံးခံယူချက်ဟု ဆိုချင်ပါသည်။

### နိုင်ငံ့ဂုဏ်လူမျိုးဂုဏ်မြှင့်တင်

အားကစားသည် သာမန်အားဖြင့်ကြည့်လျှင် အသေးအဖွဲ့ကိစ္စဟု ထင်ရသော်လည်း နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့်တစ်ခု၊ အဖွဲ့အစည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့ ယှဉ်လာသည့်အခါတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ပေါက်ဖွားလာစေပြီး ပြည်သူတစ်ရပ်လုံး တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဖြစ်သွားစေသည့်အရာဖြစ်၍ အားကစား၏ စွမ်းပကားသည် ကြီးကျယ်မြင့်မားလှပါသည်။ တစ်ချိန်သောကာလက ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၊ သုဝဏ္ဏအားကစားပြိုင်ကွင်းတို့တွင် ကျင်းပခဲ့ပါသည်။ ရန်ကုန်မြို့တစ်ခွင် အားပေးခဲ့ကြသည့် ပြည်သူလူထုကြီး၏ တစ်ခဲနက် အားပေးမှုများမှာ ဘဝင်ထိညံ သိမ့်သိမ့်တုန်ဟည်းခဲ့ပါသည်။ ပြည်သူလူထုကြီး၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းပကားများမှာ ရွှေရောင်တောက်ပခဲ့ပြီး နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ဖော်ဆောင်ပေးနိုင်ခဲ့သည်။

### အဆင့်အတန်းမီအားပေးနိုင်

မျက်မှောက်ကာလတွင် နိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ ဇမ္ဗူသီရိမြို့နယ်တွင် ပရိသတ် ၃၀၀၀၀ ကျော် ဝင်ဆံ့သည့် ဘက်စုံသုံး ခေတ်မီ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးကို တည်ဆောက်ပေးထားပြီး ပြည်တွင်း၊ ပြည်ပ ဘောလုံးအားကစားပြိုင်ပွဲများနှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိသည်။ အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင်လည်း နိုင်ငံတကာအဆင့်မီ ဇေယျာသီရိ တပ်မတော်အားကစားကွင်းကြီးကို တည်ဆောက်ပေးထားပြီး အဆိုပါခေတ်မီအားကစားကွင်းကြီးများတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၊ အာဆီယံအားကစားပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ကျောင်းသားအားကစားပွဲတော်များနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို အဆင့်အတန်းမီမီ ယှဉ်ပြိုင်အားပေးကြည့်ရှုနိုင်ကြပြီဖြစ်သည်။

### အားကစားနည်းစုံပါဝင်

ခမ်းနားထည်ဝါပြီး နိုင်ငံတကာအဆင့်မီသည့် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကိုစည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ သွားရောက်ကြည့်ရှုအားပေးခွင့်မရခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော နိုင်ငံတကာအဆင့်မီ အားကစားကွင်းကြီးနှင့် အဆင့်အတန်းမြင့်မားသော အားကစားပြိုင်ပွဲများကို ကြည့်ရှုခွင့်ရတော့မည်ဖြစ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ်၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘော အားကစားနည်းခြောက်မျိုးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်၊ စနူကာ၊ လက်ဝှေ့၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ ခရစ်ကက်၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ ဝူရှူး စသည့် အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိသည်။ **စာမျက်နှာ ၁၁ သို့** ☆

**"အားကစားစိတ်ဓာတ်သည် လွန်စွာအရေးကြီးပါသည်။ လူတိုင်းလူတိုင်း ဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ဖူးကြပါလိမ့်မည်။ အားကစားစိတ်ဓာတ်အပြည့်အဝရှိသူ၊ အားကစားကို အပြည့်အဝအားပေးသူတစ်ယောက်အနေဖြင့်ဆိုလျှင် မည်သည့်အခက်အခဲပင် တွေ့ကြုံရသည်ဖြစ်စေ အားကစားမှပေးစွမ်းခဲ့သော အနိုင်မခံ အရှုံးမပေးလိုသည့်စိတ်ဓာတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့် စိတ်ဓာတ်များဖြင့် ရင်ဆိုင်ကျော်ဖြတ်သွားနိုင်သည့် စိတ်ဓာတ်မျိုးကို အားကစားမှ ရရှိနိုင်မည်ဖြစ်ပါသည်။ အားကစားဆိုင်ရာ ခံယူချက်အမျိုးမျိုးရှိသည့်အနက် "အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နေခြင်း ဖြစ်ပါသည်" ဟူသောအချက်သည် အမြင့်မားဆုံးခံယူချက်ဟုဆိုချင်"**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပ



မော်လမြိုင် နိုဝင်ဘာ ၁၈

မွန်ပြည်နယ်တွင် အများပြည်သူတို့ အားကစားကို လေ့လာလိုက်စား၍ အားကစားနည်းအလိုက် ဆောင်ရွက်နိုင်စေရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသက်(၂၁)နှစ်အောက် မွန်ပြည်နယ်အမျိုးသား ဘောလုံးအသင်းနှင့် ကရင်ပြည်နယ် အမျိုးသားဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းက မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က အသက်(၂၁) နှစ်အောက် မွန်ပြည်နယ် အမျိုးသားဘောလုံးအသင်းနှင့် ကရင်ပြည်နယ် အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



## ကချင်ပြည်နယ်ဝန်ကြီးချုပ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် အားကစားကော်မတီများနှင့် တွေ့ဆုံ

မြစ်ကြီးနား နိုဝင်ဘာ ၁၈

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင် အောင်နိုင်ရေးအတွက် အားကစားဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပသည်။

**မှာကြား**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ပြည်နယ်အနေဖြင့် အမျိုးသားအားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိပြီး ပြည်နယ်ဂုဏ်ဆောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များအပေါ် အချင်းချင်းပေါင်းစပ်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရေး၊ ပိုမိုဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး၊ ပြိုင်ပွဲတိုင်းကို အလေးအနက်ထားယှဉ်ပြိုင်ပြီး ဆုတံဆိပ်များစွာ ဆွတ်ခူးရယူနိုင်ရေး အရှိန်အဟုန်မပျက်ကြိုးစားကြရမည်ဖြစ်သကဲ့သို့ တာဝန်ယူကြီးကြပ်ကြမည့် အုပ်ချုပ်သူ/ နည်းပြများအနေဖြင့် အားကစားသမားများအား ခိုင်မာသောစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်စေပြီး ပြည်နယ်ဂုဏ်ကို မြှင့်တင်နိုင်စေရေး ကြပ်မတ်ဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင် အောင်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အားကစားနည်းအလိုက် လိုအပ်ချက်များအပေါ် အုပ်ချုပ်မှုနှင့် ထောက်ပံ့မှုများအတွက် ဆပ်ကော်မတီများနှင့် ချိတ်ဆက်ပေါင်းစပ်၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အားကစားနည်းအလိုက် အောင်မြင်မှုရရှိရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုဆိုနေရာချထားမည့်အစီအစဉ် ကြိုတင်လေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ပါဝင်သည့် အားကစားကွင်းအတွင်း ကြိုဆိုနေရာချထားမည့် အစီအစဉ် ကြိုတင်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ယခုကျင်းပမည့် အားကစားပွဲတော်သည် နိုင်ငံတော်အဆင့် ကျင်းပသည့် အခမ်းအနားဖြစ်၍ လုံခြုံရေး ကျိုးပေါက်မှု မရှိစေရေးအတွက် ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများမှ တာဝန်ခံများအနေဖြင့် အထူးအလေးထားပြီး ပူးပေါင်းဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ပွဲတော်အတွင်း လုံခြုံရေး ဆပ်ကော်မတီက ယူဆောင်ခွင့်ပြုသည့် ပစ္စည်းများကိုသာ ယူဆောင်ခွင့်ရှိကြောင်း၊ ထို့ပြင် မော်တော်ယာဉ်များ သတ်မှတ်လမ်းကြောင်းအတိုင်း ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းသို့ အချိန်မီရောက်ရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဖိတ်ကြားရေးနှင့် ကြိုဆို နေရာချထားရေး ဆပ်ကော်မတီဝင်များက ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား အမျိုးသား အားကစားပွဲတော် ကျင်းပသည့်အခါ ကွင်းအတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့် သတ်မှတ်ဂိတ်များ၊ မော်တော်ယာဉ်ရပ်နားရမည့် သတ်မှတ်နေရာများ၊ ဇုန်အလိုက် ထိုင်ခုံနေရာချထားမှုများနှင့် လိုအပ်သည်များကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



☆ စာမျက်နှာ ၁၀ မှ

**အခွင့်အလမ်းကောင်းများ**

ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်မှတစ်ဆင့် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့်လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို ရွေးချယ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကြီးပြီးသည့်အခါတွင် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အနေဖြင့် မိမိတို့ဌာနနှင့် ဒေသအလိုက် ကိုယ်စားပြုပြီး စွမ်းစွမ်းတမံ ပါဝင်ယှဉ်ပြိုင်ကြကာ ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးအပ်ခြင်း စသည့်အစီအစဉ်များဖြင့် အားပေးမြှင့်တင်သွားမည်ဟု သိရသည်။

**အောင်မြင်မှုသက်သေထူ**

ထို့ပြင် ယခုကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲကြီးသည် မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ထုတ်ဖော်ပြသနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်နေသည်။ အားကစားပြိုင်ပွဲတစ်ခုမှ ပေါ်ထွက်လာသည့် စွမ်းပကားများ၊ အားအင်များ၊ အခွင့်အလမ်းများမှာ အားကစားကဏ္ဍသက်သက် တစ်ခုတည်းသာမဟုတ်ဘဲ တိုင်းပြည်ကောင်းရာ ကောင်းကျိုးဖြစ်ထွန်းမှုအမျိုးမျိုးအတွက်လည်း ခွန်အားများဖြစ်စေသည်ကို ဝိုင်းဝန်းညီညာပြသကြရမည်ဖြစ်သည်။ အားကစားကဏ္ဍတွင် ကမ္ဘာတစ်လွှားမှ ရှားမှရှားပြိုင်စံရှားသော နိုင်ငံကြီးများအဖြစ် မီးရှူးတန်ဆောင်သဖွယ် တည်တံ့ဖြစ်ထွန်းနေသောနိုင်ငံများသည် အခြားကဏ္ဍအသီးသီးတွင်လည်း တိုးတက်အောင်မြင်ဖြစ်ထွန်းမှုအမျိုးမျိုး ရရှိနေသည်ကို သက်သေသာဓကအဖြစ် မြင်တွေ့နိုင်ပါသည်။

**ခွန်အားများ တဖွားဖွားဖြစ်ပေါ်**

ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုးကိုလည်း အားကစားကဏ္ဍတွင် အောင်မြင်ဖြစ်ထွန်းပြီး အဘက်ဘက်တွင်လည်း အောင်မြင်နေသည့် ကမ္ဘာ့ထိပ်သီး နိုင်ငံကြီးများကဲ့သို့ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူမျိုး၏ အားကစားအဆင့်အတန်း အောင်မြင်ဖြစ်ထွန်းမှုများကို ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးမှတစ်ဆင့် ထုတ်ဖော်ပြသရမည်ဖြစ်သည်။ စွမ်းရည်ပြည့်ဝကျင့်သားရနေပြီဖြစ်သော မြန်မာအားကစားသမားများ၏ ရေကုန်ရေခန်း ကြိုးပမ်းအားထုတ်မှုများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်အားပေးမှုများသည် နိုင်ငံ့ဂုဏ်နှင့် အားကစားအဆင့်အတန်း မြင့်မားစေနိုင်သည့် အမျိုးသားအားကစား စွမ်းပကားများ၊ အားကစားနှင့်ဆက်နွှယ်၍ အောင်မြင်ဖြစ်ထွန်းမှုများနှင့် ကြီးပွားတိုးတက် အဆင့်အတန်းမီလာသည့်ခွန်အားများ တဖွားဖွား ဖြစ်ပေါ်လာမည်ဟု ယုံကြည်မိပါကြောင်း။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်



**ရန်ကုန် နိုဝင်ဘာ ၁၈**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေပြားသင်္ကန်းတော်များ စတင်ကပ်လှူပူဇော်ခြင်းနှင့် ရွှေပြားသင်္ကန်းတော်များ လှည့်လည်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

**ဆွမ်းဆက်ကပ်လှူဒါန်း**

ဦးစွာ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့တို့က ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စမ်းချောင်းမြို့နယ် နေနတ်သား ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ အန္တရာယ်ကင်းပရိတ်တော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အနုမောဒနာစာတမ်းလွှာကို ဖတ်ကြားလျှောက်ထားရာ ၂၀၂၄-၂၀၂၅ ခုနှစ် ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်းကို ဆရာတော်ကြီးများထံ ဩဝါဒခံယူခဲ့ပြီး စက်တင်ဘာ ၁၉ ရက်မှစတင်၍ ဝါးငြမ်းထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကာ ယခုရွှေပြားသင်္ကန်းတော်များစတင်ကပ်လှူပူဇော်သွားမည် ဖြစ်ပါကြောင်း၊ အောက်တိုဘာ ၃၁ ရက်အထိ ရွှေစင် ခြောက်ကျပ်သား ၄၆၇ ချပ်၊ ရွှေစင် တစ်ကျပ်သား ၄၂၇၂ ချပ် စုစုပေါင်း ၄၇၃၉ ချပ် အလှူခံရရှိထားပြီး ရထားပျံပေါ်သို့ အလှူရှင်များကိုယ်တိုင် တင်လှူပူဇော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးတို့က လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ ဝဋံသကာပါဠိပါရဂူ စေတိယင်္ဂဏသိရီပဝရမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါ ဘိဝံသ(လှရတနာဆရာတော်) ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ရွှေစင်ရွှေပြားသင်္ကန်းတော်များ ပင့်ဆောင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ပြီး ပန်းရထားပျံဖြင့် တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပိတ်ပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ပိတ်ပွဲကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယဉ်ကျေးမှုအကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ခရီးသွားပွဲလာပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ပြိုင်ပွဲဝင်စိန်နားပန်မီးပုံးပျံကြီး သုံးလုံး၊ ညမီးကြီး မီးပုံးပျံလေးလုံးတို့ လွှတ်တင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

**ဆုရတေးသီချင်းဖြင့် ကပြဖျော်ဖြေ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်) တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်အား ပိတ်သိမ်းကြောင်းကြေညာခဲ့ပြီး မီးရှူးမီးပန်းများ လွှတ်တင်ပစ်ဖောက်ခြင်း၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးပုံးပျံငယ်များ လွှတ်တင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များက တောင်ကြီးတန်ဆောင်တိုင် ဆုရတေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# တနင်္သာရီမြို့ ချောင်းငယ်ဘုန်းကြီးကျောင်း၌ ဓမ္မသဘင်အထူးတရားပွဲကျင်းပ

**တနင်္သာရီ နိုဝင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက်ဘုန်းကြီးကျောင်း သုခချမ်းသာဓမ္မာရုံ၌ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဆုထူးပန်ရွှေကျင်ကျောင်းတိုက်ကြီး၏ စာချဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ ဘွဲ့တံဆိပ်တော်ရ အရှင်ဂါမဏိ၏ ဓမ္မသဘင်အထူးတရားပွဲကို ယမန်နေ့ညနေ ၆ နာရီက ကျင်းပသည်။

ဦးစွာ ဆရာတော်အရှင်ဂါမဏိအား ချောင်းငယ်ရပ် ရပ်ကွက်လူကြီးများက မဟာဓမ္မပလ္လင်ပေါ်သို့ ပင့်ဆောင်ပြီး ဆရာတော်က ပရိသတ်အပေါင်းတို့အား ငါးပါးသီလနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ချီးမြှင့်ဟောကြားပေးတော်မူသည်။

ထို့နောက် ဆရာတော်အရှင်ဂါမဏိအား တရားပွဲဖြစ်မြောက်ရေး မတည်အလှူရှင် ဒေါ် ညွန့်သိန်း(ခ)ဒေါ်ကင်းနှင့် ထပ်တိုးအလှူရှင်များ၊ တရားပွဲလာပရိသတ်များက ဓမ္မပူဇာဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ထားဝယ်ခရိုင်လူထုအခြေပြုဗဟိုဌာန၌ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဒေသ ဂေဟစနစ်အကြောင်း အသိပညာပေးဆွေးနွေးပွဲကျင်းပ




**ထားဝယ် နိုဝင်ဘာ ၁၈**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဒေသ ဂေဟစနစ်အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ခရိုင်လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသူရဇော်က ပင်လယ်ကမ်းရိုးတန်း သယံဇာတထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်ချက်များ၊ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဂေဟစနစ်အဓိပ္ပာယ်နှင့် အမျိုးအစားအကြောင်း၊ အဏ္ဏဝါနှင့်ကမ်းရိုးတန်းဒေသ ဂေဟစနစ်၏ အကျိုးကျေးဇူးများပြားပုံ၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဒေသ ဂေဟစနစ်ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**ငွေဇင်ယော်(ထားဝယ်)**

# မင်္ဂလာဒုံမြို့နယ်၌ နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်းဖွင့်



**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်း အမှတ်စဉ် (၄/၂၀၂၄/ရက) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်မွေးမြူရေးခြံများနယ်မြေ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ အောင်မြင့်ဟန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**

# အိန္ဒိယနှင့် နိုင်ဂျီးရီးယား နှစ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်



အဗူဂျာ နိုဝင်ဘာ ၁၈

အိန္ဒိယနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့အကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေး၊ ကျန်းမာရေးနှင့် စားရေရိက္ခာဖူလုံရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ နိုင်ဂျီးရီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်သည့် ခရီးစဉ်အတွင်း နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဗူနှင့် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း သဘောတူညီခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေး ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ဂူနီယာပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် ပင်လယ်ရေကြောင်း လုံခြုံမှုတိုးမြှင့်ရေးအတွက် ရေကြောင်း စစ်ဆင်ရေးများဆောင်ရွက်ရန် နှစ်ဖက်ခေါင်းဆောင်များအကြား သဘောတူညီခဲ့သည်။ အကြမ်းဖက်မှုများအား ရှုတ်ချခြင်းအပါအဝင် နယ်စပ်ဖြတ်ကျော် အကြမ်းဖက်မှုများအား ရှုတ်ချကြောင်း ကြေညာချက်ကိုလည်း ဝန်ကြီးချုပ်မိုဒီ၏ ခရီးစဉ်အပြီးတွင် ကြေညာခဲ့သည်။

အကြမ်းဖက်ဝါဒကို လက်သင့်မခံကြောင်းနှင့် ကုလသမဂ္ဂနိုင်ငံတကာ အကြမ်းဖက်မှုဆိုင်ရာ ဘက်စုံကွန်ဗင်းရှင်း လုပ်ငန်းမူဘောင်ကို အကောင်အထည်ဖော်ရန်အပါအဝင် အကြမ်းဖက်မှုတန်ပြန်ရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရန် နှစ်နိုင်ငံစလုံးက တောင်းဆိုခဲ့သည်။

နိုင်ဂျီးရီးယား၏ ကာကွယ်ရေးကဏ္ဍ ခေတ်မီရန် ကြိုးပမ်းမှုများကို ပံ့ပိုးရန် အိန္ဒိယနိုင်ငံက အသင့်ရှိကြောင်း မိုဒီက ထပ်လောင်းပြောကြားခဲ့သည်။

မိုဒီ၏ခရီးစဉ်သည် ၁၇ နှစ်အတွင်း အိန္ဒိယခေါင်းဆောင်တစ်ဦး၏ ပထမဆုံးသော နိုင်ဂျီးရီးယားနိုင်ငံ ခရီးစဉ်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲသို့ ရုရှားနိုင်ငံခြားရေးဝန်ကြီး တက်ရောက်မည်

ရီယိုဒီဂျနေရိုး နိုဝင်ဘာ ၁၈

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့စ်သည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း ယနေ့တက်စ်သတင်းဌာန သတင်းအရ သိရသည်။

ဆွေးနွေးမည့်အဓိကအကြောင်းအရာများမှာ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ စားရေရိက္ခာမလုံလောက်မှုနှင့် ကမ္ဘာ့ပေါ်ရှိအဖွဲ့အစည်းများဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ကို ဆွေးနွေးမည်ဖြစ်သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့စ် အနေဖြင့် အဆိုပါထိပ်သီးဆွေးနွေးပွဲပြင်ပတွင် နိုင်ငံများမှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာကာရိုဗာက ပြောကြားသည်။

ရုရှားကိုယ်စားလှယ်အဖွဲ့သည် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးအတွင်း ဘရာဇီးသမ္မတ လူလာဒါဆေးဗား ဦးဆောင်သည့် ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးမဟာမိတ်အဖွဲ့တွင် ဝင်ရောက်မည်ဖြစ်ကြောင်း ကြေညာမည်ဖြစ်သည်။ ထို့ပြင် အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ရုရှားကိုယ်စားလှယ်အဖွဲ့က ကိုယ်စားပြုတင်ပြဆွေးနွေးမည်ဖြစ်ပြီး စွမ်းအင်အသွင်ကူးပြောင်းမှုကဲ့သို့သော ကိစ္စရပ်များအား အချိုးညီစွာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ ရုရှားနိုင်ငံ ကာဇန်မြို့တွင် ကျင်းပခဲ့သည့် BRICS အဖွဲ့ ထိပ်သီးဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဟု သိရသည်။

ရုရှားနိုင်ငံသည် အနောက်အုပ်စုနိုင်ငံများ၏ နှစ်ထပ်စံနှုန်းများနှင့် ဂါဇာဒေသတွင် ဖြစ်ပွားနေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိပက္ခများအား လျစ်လျူရှုခြင်းကိုရှုတ်ချကြောင်းနှင့် စီးပွားရေးအား ထိပ်တိုက်ရင်ဆိုင်ရေးအတွက် လက်နက်အဖြစ်အသုံးချခြင်းကို ရှုတ်ချကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ပြောကြားသည်။ ထို့ပြင် အနောက်အုပ်စုနိုင်ငံများဘက်သို့ ဘက်လိုက်ခြင်းမရှိသည့် ကြေညာချက်များကို ထုတ်ပြန်နိုင်ခဲ့သည့်အတွက် ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲအား ရုရှားနိုင်ငံကကြိုဆိုကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

**ကိုးကား – တက်စ်သတင်းဌာန၊ ဘာသာပြန် – စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း မန်ယီ ဝင်ရောက်၊ အနည်းဆုံးရှစ်ဦးသေဆုံး

မနီလာ နိုဝင်ဘာ ၁၈

ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း မန်ယီ ဝင်ရောက်တိုက်ခတ်မှုကြောင့် လက်ရှိအချိန်အထိ အနည်းဆုံးရှစ်ဦးသေဆုံးကာ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၁၈ ရက်က ပြောကြားသည်။

မြေပြိုမှုအတွင်း အိမ်များရွှံ့နွံထဲနစ်မြုပ်မှုကြောင့် အန်ဗာဂေယိုမြို့တွင် ခုနစ်ဦးသေဆုံးခဲ့ကြောင်း နျူဗာဗီကေယာပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေးရုံးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တိုင်ဖွန်းမုန်တိုင်း မန်ယီမှာ လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံ၌ တိုက်ခတ်နေဆဲဖြစ်သဖြင့် အသေအပျောက်စာရင်းများကို အတိအကျမသိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မနီလာမြို့၏အရှေ့တောင်ဘက်ရှိ ကမ်မရင်းနိုတီပြည်နယ်တွင် ၎င်းသဘာဝဘေးကြောင့် ဒေသခံတစ်ဦးသေဆုံးကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်က ပြောကြားသည်။

ယခုဖြစ်ပွားသည့် သဘာဝဘေးများနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်မှုများဆောင်ရွက်နေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## မကြာခဏဝင်ရောက်တိုက်ခတ်

တိုင်ဖွန်းမုန်တိုင်း မန်ယီသည် ဖိလစ်ပိုင်နိုင်ငံသို့ ယခုနှစ်အတွင်း ဝင်ရောက်တိုက်ခတ်သည့် ၁၆ ခုမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံအတွင်း တိုင်ဖွန်းမုန်တိုင်းများ မကြာခဏဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားလေ့ရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်၌ မုန်တိုင်းတိုက်ခတ်



ဆစ်ဒနီ နိုဝင်ဘာ ၁၈

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်၌ မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ်အများအပြား ပျက်စီးခဲ့ပြီး လေယာဉ်ခရီးစဉ် ၂၀ ကျော် ဖျက်သိမ်းခဲ့ရကာ ဆစ်ဒနီဆိပ်ကမ်းတံတား၏ အစိတ်အပိုင်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

တစ်နာရီလျှင် လေတိုက်နှုန်း ကီလိုမီတာ ၁၀၀ ကျော်ရှိသည့် အဆိုပါမုန်တိုင်းသည် မိုးသည်းထန်စွာရွာသွန်းပြီး ဆစ်ဒနီမြို့နှင့် နယူးဆောက်ဝေးလ်ပြည်နယ်တို့၌ နိုဝင်ဘာ ၁၇ ရက်ညတွင် တိုက်ခတ်ခဲ့ရာ လျှပ်စစ်မီးပျက်မှုများကြောင့် နယူးဆောက်ဝေးလ်ပြည်နယ်တစ်ဝန်းရှိ ဒေသခံများ ထိခိုက်ခဲ့သည်။

၎င်းမုန်တိုင်းကြောင့် နယူးဆောက်ဝေးလ်ပြည်နယ် အရှေ့မြောက်ပိုင်းတွင် ပိုမိုပြင်းထန်သော မိုးကြိုးမုန်တိုင်းများ ကျရောက်နိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ဆစ်ဒနီမြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၅၀၀ ရှိ ကာရင်ဒါဒေသတွင် အဆောက်အအုံသုံးလုံး ပျက်စီးခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် ခေါင်မိုးများ ပြိုကျခဲ့ပြီး မော်တော်ယာဉ် ၂၅ စီး ပျက်စီးခဲ့ကာ ဆစ်ဒနီတံတားပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

ပြည်နယ်အစိုးရသည် ပျက်စီးသွားသည့် မော်တော်ယာဉ်များကို ပြုပြင်ရန်အတွက် စရိတ်ပေးဆောင်ရမည်ဟု နယူးဆောက်ဝေးလ်သယ်ယူပို့ဆောင်ရေးအတွင်းရေးမှူး ဂျော့မာရေးက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးတွင် ဂျပန်နိုင်ငံ ပါဝင်ဆောင်ရွက်မည်

တိုကျို နိုဝင်ဘာ ၁၈

ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးတွင် ဂျပန်နိုင်ငံက ပါဝင်ဆောင်ရွက်မည်ဟု အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ အခမ်းအနားတွင် ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီး အေဆာအိုကိုင်ချီရိုက ကတိပြုခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ကြိုးပမ်းမှုကို မြှင့်တင်ရန်အတွက် နိုင်ငံတစ်ခုစီ၏ဆောင်ရွက်ချက်များတွင် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ကုလသမဂ္ဂသို့တင်သွင်းသည့် ဂျပန်နိုင်ငံ၏အစီရင်ခံစာတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချရန် ဂျပန်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို အသေးစိတ်ဖော်ပြထားပြီး ၎င်းရည်မှန်းချက်များကိုမြှင့်တင်ရန် ထောက်ပံ့ပေးနေသည့် ရန်ပုံငွေနှင့် ပံ့ပိုးကူညီမှုဆိုင်ရာ အချက်အလက်များကို ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာများကို ပြင်ဆင်ဆောင်ရွက်ရာတွင် အကူအညီပေးရန် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ စေလွှတ်ပြီး ဂျပန်နိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု တွက်ချက်ပုံကိုလည်း မျှဝေပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘာ့နိုင်ငံများသည် ၎င်းတို့၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးရည်မှန်းချက်ကို ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂသို့ တင်ပြရမည်ဖြစ်သည်။

ပါရီသဘောတူညီချက်တွင်ချမှတ်ထားသည့် ပြဋ္ဌာန်းချက်အရ ကမ္ဘာ့ပျမ်းမျှအပူချိန်ကို ၁ ဒသမ ၅ ဒီဂရီဆဲစီးယက်စ်အထိသာ ကန့်သတ်ရန် ဂျပန်နိုင်ငံက ဆောင်ရွက်နေသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နိုဝင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Tin Htoo Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်နေ တင်ထူးအောင်အား ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် ပြည်သူ ၃၀ ကျော်ကို ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်သူများကို သေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့ရာ ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များ၊ လမ်းသွားလမ်းလာများကို ပေါ်တာဆွဲ ဖမ်းဆီးခြင်းများမရှိဘဲ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ စိုးရိမ်ထိတ်လန့်လာပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန် လှုံ့ဆော်ရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြစ်ကြီးနားမြို့ ရန်ကြီးအောင်သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ရန်ကြီးအောင် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို မြစ်ကြီးနားမြို့ ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နိုင်နိုင်မော်က သမဝါယမလုပ်ငန်းများဆိုင်ရာနှင့် စပ်လျဉ်း၍ မှာကြားပြီး အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုပြီး အသင်းသားများအား ချီးမြှင့်ငွေကျပ် ၁၆၆၉၃၂၀၊ အစုပေါ်အမြတ်ငွေကျပ် ၂၂၂၅၇၆၀၊ တက်ရောက်လာသည့် အသင်းသားအသင်းသူ ၁၂၅ ဦးအတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၂၅၀၀၀ စုစုပေါင်းငွေကျပ် ၄၅၂၀၀၈၀ တို့ကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ အသင်းအမှုဆောင်သစ်ရွေးချယ်ခြင်းကို မြို့နယ်ဖွဲ့စည်းရေးကော်မတီအဖွဲ့က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့ကိုးဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"အကြမ်းဖက်သမားတွေရဲ့ လက်သုံးစကား ဒလန်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံနေရ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သောင်းကျန်းသူများ နယ်မြေမှာ ရိုးရာပွဲတော်များ ပပျောက်နေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၀၉၀ | ၃၀၆၅ | ၃၀၂၀ | ၃၀၉၀ | ၃၁၀၅ | ၃၁၁၅ | ၃၀၇၀ | ၄၅၀၅ | ၃၂၂၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၂၅ | ၃၁၁၅ | ၃၁၃၀ | ၃၅၃၀ | ၄၀၀၀ |
| 95 Ron | ၃၂၀၀ | ၃၂၈၅ | ၃၂၆၀ | ၃၂၃၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၃၀ | ၃၂၆၅ | ၄၅၆၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၄၁၅၀ |
| HSD (500 ppm) | ၂၆၆၅ | ၂၇၄၅ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၅ | ၂၇၅၅ | ၂၇၇၀ | ၂၇၂၅ | - | ၂၈၈၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၈၅ | ၄၀၀၀ |
| HSD (50 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | ၄၈၃၀ | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |
| HSD (10 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | - | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၃ | ၂၉၄၃ |
| 95 Ron | ၃၀၃၉ | ၃၀၃၃ |
| HSD (500 ppm) | ၂၅၁၆ | ၂၅၉၆ |
| HSD (50 ppm) | ၃၁၄၄ | ၃၂၃၇ |
| HSD (10 ppm) | ၃၁၄၄ | ၃၂၃၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့် စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင်အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများက မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသပေး

ပုသိမ် နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေကြည်မြို့ မင်္ဂလာအောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်းတွင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများက ပင်စင်စားနိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသနေမှုများကို ကြည့်ရှုအားပေးပြီး လာရောက်ကုသမှု ခံယူသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားများ ပြောကြားသည်။

ထို့နောက် မျက်စိအထူးကု၊ အရေပြားအထူးကု၊ သွားဘက်ဆိုင်ရာအထူးကု၊ အရိုးအကြောအဆစ်အထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ ကလေးအထူးကု၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး၊ ခွဲစိတ်အထူးကု၊ အထွေထွေရောဂါကုသမားတော်၊ စိတ်ရောဂါအထူးကုနှင့် သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများက ဆေးကုသပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာဝန်ကြီးများ



အတွက် ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ ရေကြည်မြို့နယ်အတွင်း ပင်စင်စား နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၅၅ ဦးအား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများက မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးရာ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဌာနမှူးက မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်မကုသမီလူနာများ၊ ခွဲစိတ်ကုသရန်စောင့်ဆိုင်းနေသည့်လူနာများနှင့် ခွဲစိတ်ကုသပြီးလူနာများအား လိုက်လံကြည့်ရှု အားပေးစကားများ ပြောကြားသည်။

ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် နိုဝင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၁၀၅ ဦးအား ခွဲစိတ်ကုသပေးသွားရန် စီစဉ်ထားရှိပြီး ခွဲစိတ်ကုသရန် ကျန်ရှိလူနာများ စာရင်းပေးလာရောက်သူများရှိပါကလည်း ထပ်မံခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် နိုဝင်ဘာ ၁၈**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ သွားရောက်ကာ အကြမ်းဖက်သမားများ တိုက်ခိုက်မှုများနှင့် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်များနှင့် ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေတောင်ပရိယတ္တိစာသင်တိုက် သာသနရုံသီကျောင်းဆောင် အခင်းကြွေပြားကပ်လုပ်ငန်းနှင့် အခန်းများ ပြန်လည်ပြင်ဆင် ကာရံနေမှု၊ သိမ်၊ ပိဋကတ်တိုက်အမိုး၊ မျက်နှာကြက်များ ပြုပြင်ဆောင်ရွက်နေမှု၊ ဓမ္မဒါယဗိမာန် ကျောင်းဆောင် ကြမ်းခင်း ကြွေပြားကပ်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်နေမှုနှင့် ပရိယတ္တိသာသနဇ္ဇဗိမာန် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ပြည်နယ်ဝန်ကြီးချုပ်က ရွှေတောင်ပရိယတ္တိစာသင်တိုက် အတုလကျောင်းဆောင် မျက်နှာကြက်၊ ပြတင်းမှန်နှင့် လေကာမှန်များ ထပ်မံပြုပြင်ပေးရန်နှင့် ဆရာတော်၊ သံဃာတော်များ ပြန်လည်ဝင်ရောက်သီတင်းသုံးချိန်တွင် အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထား ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးများ ပြန်လည် ဖွင့်လှစ်လျက်ရှိသည့် အခြေအနေနှင့် ရုံးအဆောက်



အအုံများ၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဌာနခွဲ၊ ဌာနစိတ်များအလိုက် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး၌ ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးရုံး၌ ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။ ယင်းနောက် သင်တန်းနည်းပြဆရာ ဓာတ်ပုံပညာရှင် ဦးကျော်ဇေယျက သင်တန်းမိတ်ဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ၁၀ ရက် ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် အခြေခံ Camera Setting များ အသုံးပြုနည်း အပါအဝင် ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်း ဘာသာရပ်များနှင့် Indoor၊ Outdoor၊ Night Seen ဓာတ်ပုံရိုက်ကူးနည်း ပညာရပ်များကို စာတွေ့/လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။ ယင်းသင်တန်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ရုံးများမှ သတင်းဓာတ်ပုံ ရိုက်ကူးရေးတာဝန်ဆောင်ရွက်သူ ၂၆ ဦး တက်ရောက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကလေးခရိုင်အတွင်း မိုးသီးနှံများ အောင်မြင်ဖြစ်ထွန်း

**ကလေး နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ်မိုးရာသီတွင် မိုးသီးနှံ စုစုပေါင်းဧက ၁၉၄၂၉၀ စိုက်ပျိုးပြီးစီးကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကလေးခရိုင်၌ မိုးစပါး ၁၂၇၁၅၇ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ယခုနှစ်ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၂၆၄၇၅ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်သည်။ ကလေးခရိုင်၏ မိုးစပါးစိုက်ပျိုးမှုတွင် အရည်အသွေးကောင်း၊ ဈေးကွက်ကောင်းရရှိသော ရောမင်းစပါးမျိုး ဧရိယာအများဆုံး စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင် နှံစားသီးနှံ ၁၄၉၃၅၄ ဧကမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ကလေးခရိုင်သည် မိုးသီးနှံစိုက်ပျိုးမှုတွင် ပဲမျိုးစုံ ၄၁၄၁ ဧက၊ ဆီထွက်သီးနှံ ၂၂၁၆၄ ဧကနှင့် အခြားသီးနှံပေါင်း ၁၅၇၀၅ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအချိန်တွင် မိုးသီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုဆောင်းသီးနှံရာသီတွင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးလုပ်ငန်းများကို သက်ဆိုင်ရာစိုက်ပျိုးမွေးမြူရေး ညှိနှိုင်းမှုအဖွဲ့၊ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၆၁၃)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပြည် နိုဝင်ဘာ ၁၈**

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၆၁၃)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အား နိုဝင်ဘာ ၈ ရက်မှ ၁၇ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**ကျင်းပနိုင်ခဲ့**

ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပချိန်တွင် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲကို နှစ်စဉ်ယှဉ်တွဲကျင်းပခဲ့သည်။ ပြည်မြို့သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် MSMEs ဒေသထွက်ကုန်အရောင်းဆိုင်များ၊ လူသုံးကုန်နှင့် စားသုံးကုန်အရောင်းဆိုင်များ၊ ပျော်ပွဲရွှင်ပွဲများ၊ ကလေးကစားကွင်းများ၊ ဈေးဝယ်သူများ၊ ဈေးရောင်းချသူများနှင့် ညစဉ်အထူးစည်ကားခဲ့ပြီး ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၏ စည်းကမ်းရှိမှု၊ တည်ငြိမ် အေးချမ်းခြင်းကိုလိုလားမှုနှင့် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့မှုကြောင့် အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပဲခူးတန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ပဲခူးတန်ဆောင်တိုင် ပွဲတော်အား နိုဝင်ဘာ ၉ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပွဲတော်နောက်ဆုံးနေ့ဖြစ်သည့် နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် အပန်းဖြေလာရောက်လည်ပတ်ကြသူများဖြင့် အထူးပင် စည်ကားခဲ့သည်။



ပဲခူးတန်ဆောင်တိုင်ပွဲတော်တွင် လာရောက်ပြသသည့် MSMEs ဈေးရောင်းပွဲတော်အား ဒေသခံပြည်သူများက စိတ်ဝင်တစား လာရောက်ကြည့်ရှုခဲ့ကြပြီး ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များ စာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ မသိုးသက်န်းရက်လုပ်ပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနှင့် အပန်းဖြေလာရောက်ကြသူများအား အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်ရန် ရောင်စုံအလှဆင်မီးများ ဆင်ယင်ပြသထားပြီး ရုပ်ရှင်၊ ဂီတနယ်ပယ်မှ အနုပညာရှင်များကလည်း ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြရာ အထူးစည်ကားခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**တောင်တွင်းကြီး နိုဝင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန တောင်တွင်းကြီးမြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ယနေ့ညနေ ၄ နာရီက အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစောမောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် မီးသတ်တပ်ဖွဲ့၏ အဓိက တာဝန်ကြီး(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် အခြေခံမီးသတ်ပညာဘာသာရပ်(စာတွေ့၊ လက်တွေ့)၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း (စာတွေ့၊ လက်တွေ့)တို့ကို နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနား၌ အရန်မီးသတ် လုပ်သက် ၂၅ နှစ်အထက် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သင်တန်းသား ၅၀ က လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**




# ကလောမြို့၌ (၁၉)ကြိမ်မြောက် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ဒုတိယနေ့ ကျင်းပ

**ကလော နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် (၁၉)ကြိမ်မြောက် မြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို နိုဝင်ဘာ ၁၇ ရက် ညနေ ၅ နာရီက ဒုတိယညအဖြစ် ပြိုင်ပွဲဝင်မီးကြာစံအဖွဲ့များက မီးပဒေသာပင်များကို ကလောမြို့အတွင်း စည်ကားသိုက်မြိုက်စွာ လှည့်လည်ကျင်းပခဲ့သည်။

ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ပြိုင်ပွဲဝင်မီးရှော်တိုင်နှင့် မီးကြာစံအဖွဲ့များက ကလောမြို့ ကိုးမြို့ရှင်နတ်နန်း၌ စုရပ်ပြုလုပ်ပြီး ကလော-တောင်ကြီးသွား ပြည်ထောင်စုလမ်းနှင့် နာရီစင်လမ်းမှ မောမြေဦးပန်းခြံအနီး၊ မီးရှော်တိုင်ကွင်းအတွင်းသို့ လှည့်လည်၍ ကွင်းအတွင်း ပြိုင်ပွဲဝင်မီးကြာစံအဖွဲ့များဖြစ်သည့် တိုင်းရင်းသားရိုးရာအက အဖွဲ့များက ကလောမြို့မှ ဖိတ်ခေါ်သံသီချင်းဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေခဲ့ပြီး ပြိုင်ပွဲဝင် မီးရှော်တိုင်အဖွဲ့များက ပစ်လွှတ်ထွန်းညှိပူဇော်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။



**ယှဉ်ပြိုင်**

မီးရှော်တိုင်ပြိုင်ပွဲ ဒုတိယညတွင် ရပ်ကွက်(၁၀)ကိုယ်စားပြု မီးဝိဇ္ဇာမီးရှော်တိုင်၊ ရပ်ကွက်(၆)ကိုယ်စားပြု မော်ဝင်မီးရှော်တိုင်၊ ရပ်ကွက်(၁)ကိုယ်စားပြု ရွှေမြန်မာမီးရှော်တိုင်၊ ရပ်ကွက်(၃)ကိုယ်စားပြု ရှမ်းပျော်မီးနှင့် ရပ်ကွက်(၆)ကိုယ်စားပြု သာယာကုန်းမီးရှော်တိုင်တို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ကလောမြို့ပေါ်ရှိ ရပ်ကွက် (၁၁)ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင်မီးရှော်တိုင် ၁၅ တိုင်ကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ တစ်ရက်လျှင် မီးရှော်တိုင် ငါးတိုင်ဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ **မိုး/ဇလ**

# အောင်မြင်သော စာကြည့်တိုက်များ တည်ထောင်ကြပါစို့

ညွှန့်ဝင်း(နတ်တလင်း)

၂၀၁၄ ခုနှစ် မေလထဲတွင် နတ်တလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ စာကြည့်တိုက်စီမံခန့်ခွဲမှုအစည်းအဝေးကို ကျွန်တော်တက်ခဲ့ရသည်။ စာကြည့်တိုက်စီမံခန့်ခွဲမှုပညာသည် ပြည့်ပြည့်စုံစုံလေ့လာလျှင် နှစ်ချီ၍ လေ့လာရသည့်ပညာဖြစ်သည်။ သို့သော် သင်ကြားပို့ချပေးမည့်ဆရာကြီး ဆရာမကြီးများနှင့် သင်တန်းသားဆရာ ဆရာမများသည် အခြား တာဝန်များကိုလည်း မအားမလပ်ထမ်းဆောင်နေရ သဖြင့် ရသည့်အချိန်လေးတွင် ကြိုးစား၍အကျဉ်းချုံး ပို့ချပေး၊ ကျွန်တော်တို့ကလည်း ကြိုးစားနာယူမှတ်သားကြရပါသည်။

### စာပေနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းပေးရာဌာန

နိုင်ငံတော်သည် ပညာရေးအဆင့်မြှင့်တင်ရန် အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ် နေချိန်တွင် စာကြည့်တိုက်အသုံးချတတ်မှုသည် ကျောင်းသားများ လေ့လာသင်ယူရာ၌များစွာ အထောက်အကူပြုသည်။ ကျောင်းစာကြည့်တိုက် သည် ကျောင်းသား ကျောင်းသူများ ပညာဆည်းပူး ရာ၌ ဆန်းသစ်တီထွင်မှု၊ စူးစမ်းသိမြင်မှု၊ အခက် အခဲ ဖြေရှင်းနိုင်မှုစွမ်းရည်များရရှိသော သော့ချက် နေရာဖြစ်သည်။ ရပ်ရွာ၊ မြို့နယ်များတွင်လည်း စာကြည့်တိုက်သည် စာအုပ်နှင့် ပြည်သူလူထုကို ဆက်သွယ်ပေးရာဌာန၊ ပညာဗဟုသုတဖြန့်ဖြူးပေး ရာဌာန၊ စာပေများမပျောက်ပျက်အောင် သိုမှီး ထိန်းသိမ်းပေးရာဌာန၊ လူမျိုးဘာသာ အဆင့်အတန်း မရွေး ကြီးငယ်မဟူ မိမိကိုယ်တိုင် ပညာသင်ယူခွင့် ပြုထားရာဌာန၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးရာဌာနဟူသော အခိပ္ပာယ်များ ဆောင်နေပါသည်။ ထို့ကြောင့် စာကြည့်တိုက်သည် ပညာလိုလားသူတို့ကိုယ်တိုင် လွတ်လပ်စွာပညာ ရှာယူနိုင်သော တက္ကသိုလ်၊ နိုင်ငံ၏ စာပေနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်း ပေးရာဌာနဟု ခေါ်ဆိုနိုင်ပေသည်။

စာကြည့်တိုက်တစ်ခု အောင်မြင်စွာ တည်ထောင်နိုင်ရေးအတွက် B ငါးလုံးနှင့် ပြည့်စုံ ရမည်ဖြစ်ပါသည်။ B ငါးလုံးဆိုသည်မှာ Building (စာကြည့်တိုက်အဆောက်အအုံ)၊ Books (စာအုပ် များ)၊ Brain (စာကြည့်တိုက်မှူး)၊ Borrowers (စာအုပ်ငှားရမ်းသူများ)နှင့် Budget (စာကြည့်တိုက် ရန်ပုံငွေ)တို့ကို ဆိုလိုသည်။

စာကြည့်တိုက်တည်ရှိရာ နေရာသည် ဆိတ်ငြိမ်ရမည်။ သန့်ရှင်းရမည်။ စာဖတ်သူအားလုံး အတွက် ဗဟိုအချက်အချာကျသောနေရာ ဖြစ်ရ မည်။ ချောင်ကျလွန်းသောနေရာ၊ ဆူညံသောနေရာ၊ ရေဝင်လွယ် မီးလောင်လွယ်သောနေရာ မဖြစ်ရပါ။ စိုထိုင်းသောနေရာ၊ ကြွက်၊ ခြ၊ ပုရွက်ဆိတ် စသော အင်းဆက်များရှိသောနေရာမျိုး မဖြစ်သင့်ပါ။ လေဝင်လေထွက်ကောင်း၍ အလင်းရောင် ကောင်းစွာရသောနေရာဖြစ်ရမည်။

စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများ စုံလင်စွာရှိရမည်။ ပညာရပ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှု ဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ စသည်ဖြင့်အမျိုးအစား စုံလင်မျှတစွာ ထားရှိရမည်။ ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အရွယ်စုံဖတ်နိုင်သောစာအုပ် စာပေများ စုဆောင်းဖြည့်ဆည်းထားရမည်။ သို့မှ သာ အသက်အရွယ်မရွေး ဖတ်ရှုပညာရှာဖွေနိုင် သည့် စာကြည့်တိုက်ဖြစ်မည်။ စာအုပ်များကို စာကြည့်တိုက်တွင်သာ ဖတ်ရှုနိုင်သောစာအုပ်များ (ငှားရမ်းခွင့်မရှိသောစာအုပ်များ)နှင့် ငှားရမ်းဖတ် ရှုနိုင်သောစာအုပ်များကို စနစ်တကျ ခွဲခြားထားရမည်။



စာကြည့်တိုက်ကိစ္စအဝဝ တာဝန်ယူဆောင်ရွက် နိုင်မည့် စာကြည့်တိုက်မှူးရှိရမည်။ စာကြည့်တိုက် မှူးသည် ခေတ်ပညာတတ်ဘွဲ့ရသူ၊ စာကြည့်တိုက် ပညာဘွဲ့ရသူ သို့မဟုတ် အနည်းဆုံး အခြေခံ စာကြည့်တိုက်သင်တန်းဆင်း လက်မှတ်ရသူဖြစ်ရ မည်။ ထို့ပြင် စာကြည့်တိုက် စနစ်တကျဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်သူ၊ စာဖတ်သူများ ၏ လိုအပ်ချက်နှင့်အညီ တာဝန်ယူဆောင်ရွက် ပေးနိုင်သူဖြစ်ရမည်။ စာကြည့်တိုက်မှူးတွင် စာကြည့်တိုက်အရွယ်အစားအလိုက် စာကြည့်တိုက် မှူး၊ လက်ထောက်စာကြည့်တိုက်မှူး၊ စာကြည့် တိုက်လက်ထောက်၊ စာကြည့်တိုက်အကူ စသည့် ပုဂ္ဂိုလ်များ ပါဝင်ပါသည်။ ကျောင်းများတွင် စာကြည့်တိုက်မှူးတာဝန်ကို ဆရာ ဆရာမများ အလှည့်ကျခွဲဝေဆောင်ရွက်နိုင်သည်။ စာကြည့် တိုက်မှူးနှင့် တာဝန်ထမ်းဆောင်သူများသည် စာအုပ်များကို အမှတ်စဉ်နှင့် အမျိုးအမည်များ ခွဲခြားရေးသားခြင်း၊ စာအုပ်များကို စနစ်တကျ နေရာချထားသိမ်းဆည်းခြင်း၊ စာအုပ်ငှားရမ်းခြင်း စသောလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြ ရမည်ဖြစ်သည်။

### သုတရသစာအုပ်များ ဖတ်ရှုနိုင်

စာကြည့်တိုက်ကို လာရောက်စာဖတ်မည့်၊ စာအုပ်ငှားရမ်းမည့် စာဖတ်ပရိသတ်များရှိရမည်။ စာဖတ်ပရိသတ်၏ လိုအပ်ချက်အလိုက် ရွေးချယ် ဖတ်ရှုနိုင်ရန် စာကြည့်တိုက်မှူးက စီမံဆောင်ရွက် ပေးရမည်။ ဥပမာ–ကျောင်းစာကြည့်တိုက်ဖြစ်လျှင် ကျောင်းသင်ဘာသာရပ် သင်ရိုးလိုအပ်ချက်များနှင့် ကိုက်ညီသော စာအုပ်စာတမ်းများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရေးအဆင့်အတန်းနှင့်အညီ သုတရသစာအုပ်များ ဖတ်ရှုနိုင်အောင် စီစဉ်ပေးရ မည်။ ထို့ကြောင့် စာကြည့်တိုက်မှူးသည် မိမိ စာကြည့်တိုက်၏ အမျိုးအစားနှင့် ရည်ရွယ်ချက် အလိုက် စာဖတ်ပရိသတ်လိုအင်ကို ဖြည့်ဆည်း ပေးတတ်ရန်လိုသည်။

Budget (စာကြည့်တိုက်ရန်ပုံငွေ) သည် စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် အလွန် အရေးပါသည်။ စာအုပ်စာတမ်းများ ဝယ်ယူ ဖြည့်ဆည်းရန်၊ စာကြည့်တိုက်သုံးဗီရို၊ စာအုပ်စင်၊ စာဖတ်စားပွဲ၊ ကုလားထိုင်၊ ကြော်ငြာသင်ပုန်း စသည့်ပရိဘောဂများ ဝယ်ယူဖြည့်ဆည်းရန် စာကြည့်တိုက်ရန်ပုံငွေကို စနစ်တကျ သုံးစွဲရလေ သည်။ ကျောင်းများတွင် နိုင်ငံတော်က ထောက်ပံ့ ပေးသည့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ စာကြည့်တိုက်အတွက် အချိုးကျခွဲဝေသုံးစွဲရမည် ဖြစ်သည်။ ရပ်ရွာနှင့် မြို့နယ်စာကြည့်တိုက်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ထောက်ပံ့မှုများ၊ စေတနာရှင်များ၏ လှူဒါန်းမှုများဖြင့် လိုအပ်သလို စနစ်တကျ စီမံခွဲဝေသုံးစွဲရပေသည်။

စာကြည့်တိုက် တိုးတက်အောင်မြင်မှုရှိစေရန် စာကြည့်တိုက်ကော်မတီ ဖွဲ့စည်းထားရှိရသည်။ စာကြည့်တိုက်ကော်မတီသည် ဆောင်ရွက်မည့် လုပ်ငန်းများ၊ ရေ့ပြေးစီမံကိန်းများ၊ ရေရှည်စီမံကိန်း များချမှတ်ထားရန် လိုအပ်သည်။ ဥပမာအားဖြင့် ကျောင်းစာကြည့်တိုက်ကော်မတီ ဖွဲ့စည်းပုံကို တင်ပြရလျှင် ကျောင်းများတွင်–

(၁) ကျောင်းအုပ်ကြီး(သို့မဟုတ်) ဒုတိယကျောင်းအုပ်ကြီး – ဥက္ကဋ္ဌ
(၂) လူအများလေးစားယုံကြည်ရသည့် ရပ်မိရပ်ဖတစ်ဦး – ဒုတိယဥက္ကဋ္ဌ
(၃) စာကြည့်တိုက်စိတ်ဝင်စားသည့် ဆရာ ဆရာမ နှစ်ဦး(သို့) သုံးဦး – အဖွဲ့ဝင်
(၄) ကျောင်းသားကျောင်းသူ ကိုယ်စားလှယ် နှစ်ဦး – အဖွဲ့ဝင်

> နိုင်ငံတော်သည် ပညာရေးအဆင့်မြှင့်တင်ရန်အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေချိန်တွင် စာကြည့်တိုက်အသုံးချတတ်မှုသည် ကျောင်းသားများ လေ့လာသင်ယူရာ၌ များစွာအထောက်အကူပြုသည်။ ကျောင်းစာကြည့်တိုက်သည် ကျောင်းသား ကျောင်းသူများ ပညာဆည်းပူးရာ၌ ဆန်းသစ်တီထွင်မှု၊ စူးစမ်းသိမြင်မှု၊ အခက်အခဲ ဖြေရှင်းနိုင်မှုစွမ်းရည်များရရှိသော သော့ချက်နေရာဖြစ်သည်။ ရပ်ရွာ၊ မြို့နယ်များတွင်လည်း စာကြည့်တိုက်သည် စာအုပ်နှင့် ပြည်သူလူထုကို ဆက်သွယ်ပေးရာဌာန၊ ပညာဗဟုသုတဖြန့်ဖြူးပေးရာဌာန၊ စာပေများမပျောက်ပျက်အောင် သိုမှီးထိန်းသိမ်းပေးရာဌာန၊ လူမျိုးဘာသာ အဆင့်အတန်းမရွေး ကြီးငယ်မဟူ မိမိကိုယ်တိုင် ပညာသင်ယူခွင့်ပြုထားရာဌာန၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးရာဌာနဟူသော အခိပ္ပာယ်များဆောင်

(၅) ကျောင်းအကျိုးတော်ဆောင်နှင့် မိဘဆရာအသင်းကိုယ်စားလှယ် – အဖွဲ့ဝင်
(၆) စာကြည့်တိုက်မှူး – အတွင်းရေးမှူး

တို့ဖြစ်ပါသည်။

စာကြည့်တိုက်ကော်မတီ အစည်းအဝေးကို လစဉ်ပုံမှန် (သို့မဟုတ်) သုံးလတစ်ကြိမ် ပြုလုပ်ပြီး ပုံမှန်စာကြည့်တိုက်လုပ်ငန်းများ၊ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးရေ့လုပ်ငန်းစဉ်များကို ဆွေးနွေး ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

### စာကြည့်ပိဋကတ်တိုက်

မြန်မာနိုင်ငံတွင် စာကြည့်တိုက်ဟူသော ဝေါဟာရကို အင်္ဂလိပ်ကိုလိုနီခေတ်မှစ၍ သုံးစွဲခဲ့ သည်။ စာကြည့်ပိဋကတ်တိုက်ဟုလည်း ခေါ်ခဲ့ကြ သည်။ ပိဋကတ်စာပေများ သိုမှီးရာနေရာဖြစ်၍ပင်။ နောက်ပိုင်းတွင် ပိဋကတ်စာပေများသာမက အခြား ဘာသာရပ်ဆိုင်ရာ စာအုပ်စာပေများကိုပါ စုဆောင်း ထားရှိအသုံးပြုသည့်အတွက် စာကြည့်တိုက် ဟူသောဝေါဟာရ တွင်ကျယ်လာခဲ့သည်။ မျက်မှောက်ခေတ်တွင် စာကြည့်တိုက်အမျိုးအစား လေးမျိုးရှိပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ထိုစာကြည့်တိုက်အမျိုးအစားများ ဖွံ့ဖြိုးလာပါသည်။ ၎င်းတို့မှာ

(၁) တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်
(၂) အမျိုးသားစာကြည့်တိုက်
(၃) ပြည်သူ့စာကြည့်တိုက်နှင့်
(၄) အထူးစာကြည့်တိုက်တို့ဖြစ်ကြသည်။

စာကြည့်တိုက်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးသည် စာကြည့်တိုက်မှူး၏ အရည်အချင်းအပေါ်၌ မူတည် သည်။ စာကြည့်တိုက်မှူးတွင် ရှိရမည့်အရည်အချင်း များမှာ–

(၁) ဆက်ဆံရေးကောင်းမွန်သော အရည်အချင်း (Communication skills)
(၂) စီမံခန့်ခွဲနိုင်သောအရည်အချင်း (Management skills)
(၃) နည်းပညာများကို တတ်ကျွမ်းသော အရည်အချင်း (Technology skills)
(၄) ခေါင်းဆောင်နိုင်သောအရည်အချင်း (Leadership skills)
(၅) သင်ကြားသင်ယူလိုသောအရည်အချင်း (Teaching and Learning skills)
(၆) သုတေသနလုပ်ငန်းများကို စိတ်ဝင်စားသောအရည်အချင်း (Research Works skills) တို့ဖြစ်သည်။

စာကြည့်တိုက်မှူးသည် စာဖတ်သူများ၊ ပြင်ပ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရသူဖြစ်သဖြင့် ဆက်သွယ်ရေးအရည် အချင်း(Communication skills)ရှိမှသာ မိမိ၏ စာကြည့်တိုက် တိုးတက်အောင်မြင်နိုင်သည်။ ဆက်သွယ်ရေးအရည်အချင်းများတွင် လူအများနှင့် ပြေပြစ်စွာ ပေါင်းသင်းဆက်ဆံတတ်ခြင်း၊ သည်းခံ စိတ် အန္တတာခံစိတ်ရှိခြင်း၊ လုံ့လဝီရိယရှိခြင်း၊ လူမှုဝန်ထမ်းစိတ်ရှိခြင်း၊ ကိုယ်ကျိုးမဖက်ဘဲ အများအကျိုးအတွက် စေတနာထက်သန်စွာဖြင့် ဆောင်ရွက်လိုစိတ်ရှိခြင်း၊ အရပ်ဒေသဝန်းကျင်၏ အရိပ်အကဲ၊ စာဖတ်ပရိသတ်၏ အရိပ်အကဲကို လိမ္မာပါးနပ်စွာ သုံးသပ်နိုင်ခြင်းတို့ပါဝင်သည်။

စာကြည့်တိုက်မှူးသည် စာကြည့်တိုက်ကို စီမံခန့်ခွဲရာတွင် ကျွမ်းကျင်ခြင်း၊ မိမိလုပ်ငန်း အောင်မြင်ရေးအတွက် အမှန်တရားကိုသာ ရှေးရှု လုပ်ကိုင်ခြင်း၊ အလုပ်ကိုစိတ်ဝင်စားမှု ချစ်မြတ်နိုးမှု ရှိခြင်း၊

စာမျက်နှာ ၁၉ သို့ ❐

# မကွေးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ ကျင်းပ

မကွေး နိုဝင်ဘာ ၁၈

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဖွင့်လှစ်သည့် Grade – 11 နှင့် Grade – 12 တွင် သင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ဥပဒေဘာသာရပ် သင်ကြားပေးနိုင်ရန် ဆရာ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တရားလွှတ်တော်တရားသူကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းပို့ချမည့် ဥပဒေအရာရှိများ၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေအသိပညာကို ကျောင်းသင်ခန်းစာတွင် သင်ရိုးညွှန်းတမ်းအဖြစ် ထည့်သွင်းသင်ကြားပေးခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများသည် ဥပဒေ၏ အခြေခံသဘောတရားများကို နားလည်သဘောပေါက်ကာ ဥပဒေပါ တားမြစ်ချက်ကို မလိုက်နာခြင်း၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စကို ပျက်ကွက်ခြင်းတို့အတွက် ပြစ်ဒဏ်သတ်မှတ်ထားကြောင်းနှင့် ပြစ်မှုကျူးလွန်ပါက အပြစ်ရှိကြောင်းကို သိရှိခြင်းဖြင့် ဥပဒေကို လေးစားလိုက်နာတတ်စေရန်၊ နိုင်ငံသားတစ်ဦး၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန် မျှော်မှန်းကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ခြောက်ခုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ရာ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က လက်ခံရယူသည်။

အဆိုပါသင်တန်းတွင် အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၁၆၅ ဦးအား တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ ခုနစ်ဦးက သင်ခန်းစာဘာသာရပ် ခုနစ်ခုကို နိုဝင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ကျိုက်ထိုမြို့နယ်၌ အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

ကျိုက်ထို နိုဝင်ဘာ ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် အမက (အေးရိပ်ငြိမ် အရှေ့-၁) ၌ အမျိုးသားအောင်ပွဲနေ့ အကြို အသိပညာပေး ဟောပြောပွဲနှင့် နယ်လှည့် စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်သည်။



ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထက်ထက်အောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ(တွဲဖက်) ဒေါ်ဌေးဌေးဝင်းက အမျိုးသားနေ့အကြောင်း သိကောင်းစရာများနှင့် ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြုရေးနှင့် ကျောင်းစာအပြင် ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာ ဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ဖတ်ရှုကာ စာဖတ်စွမ်းရည် ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



# ချောင်းဆုံမြို့နယ်၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

ချောင်းဆုံ နိုဝင်ဘာ ၁၈

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်၍ သိရှိနာလည်းနိုင်ရန်နှင့် အသိပညာဗဟုသုတတိုးပွားလာစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကွမ်လမိုင်း(အမက)တွင် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းတို့ ဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် စာအုပ်စာပေမှရရှိသည့် အသိပညာဗဟုသုတများအကြောင်း ပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများ သိလိုသည်များကို ပြန်လည်ဖြေကြားသည်။ ယင်းနောက် တက်ရောက်လာသူများနှင့် ကျောင်းသား ကျောင်းသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သရက်ချောင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

သရက်ချောင်း နိုဝင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ သစ်တောဦးစီးဌာနကကြီးမှူး၍ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီတွင် အထက (သရက်ချောင်း) ပညာရတနာခန်းမ၌ ကျင်းပသည်။



အဆိုပါဟောပြောပွဲတွင် သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးဦးက မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ Fire Hotspot များ၏ အကြောင်းအရင်းများ၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းအား လျှော့ချရမည့်နည်းလမ်းများ၊ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကောင်းမွန်လာစေခြင်း စသည့် အကြောင်းအရာများကို ဟောပြောသည်။

ဟောပြောပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းရာ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **နန်းခလိုက်(သရက်ချောင်း)**

❒ စာမျက်နှာ ၁၈ မှ

လိုအပ်သော စာကြည့်တိုက်သုံးပရိဘောဂများကို ဝယ်ယူဖြည့်ဆည်းတတ်ခြင်း၊ ကြီးကြပ်ထိန်းသိမ်းတတ်ခြင်းစသော အရည်အချင်းများ ရှိရပေမည်။

စာကြည့်တိုက်မှူးသည် ခေတ်နှင့်အညီ လျင်မြန်စွာပြောင်းလဲတိုးတက်နေသော သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology) များကို မျက်ခြည်မပြတ် လေ့လာသိရှိနေရမည်ဖြစ်သည်။ ကွန်ပျူတာ၊ အင်တာနက်အသုံးပြုတတ်ခြင်း၊ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ နည်းပညာများအကြောင်းသိရှိခြင်း၊ ခေတ်နှင့်အညီ အချက်အလက်ရှာဖွေနိုင်သော နည်းပညာများ တတ်ကျွမ်းခြင်း၊ အင်တာနက်မှ သတင်းအချက်အလက်များကို စိစစ်လမ်းညွှန်ပေးနိုင်ခြင်း၊ သင်ကြားပေးနိုင်သည့် နည်းပညာတတ်ကျွမ်းခြင်း အရည်အချင်းများ ရှိရမည်။

ထို့ပြင် စာကြည့်တိုက်မှူးသည် သင်ကြားရေး၊ သင်ယူရေးနှင့် သုတေသနလုပ်ငန်းများကို အထောက်အပံ့ပေးနိုင်ရမည်။ ထိုသို့ အထောက်အပံ့ပေးနိုင်ရန် တစ်သက်တာသင်ယူလိုစိတ်ရှိခြင်း၊ ပညာဗဟုသုတရှာမှီးလိုစိတ်၊ ဖြန့်ဖြူးလိုစိတ်ရှိခြင်း၊ စာပေဝါသနာပါခြင်း၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းလိုက်နိုင်ခြင်း၊ အင်္ဂလိပ်ဘာသာကို အခြေခံအဆင့်နားလည်တတ်ကျွမ်းခြင်းတို့ ပြည့်စုံရမည်။

**ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ပေးနိုင်သည့်နေရာ**

စာကြည့်တိုက်များသည် ပြည်သူလူထု အသိဉာဏ်တိုးပွားစေရန်သာမက လူမှုရေး၊ ယဉ်ကျေးမှုတိုးတက်စေသော၊ လူနေမှုအဆင့်အတန်းမြင့်မားအောင် မြှင့်တင်ပေးသော နေရာများဖြစ်သဖြင့် အနာဂတ်လူ့အရင်းအမြစ်များကို တစ်သက်တာသင်ယူလိုသော အလေ့အထရှိသူများ (Lifelong Learners)နှင့် တာဝန်သိစိတ်ရှိသော နိုင်ငံသားကောင်းများ(Responsible Citizens)ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်သော နေရာများဖြစ်ပေသည်။ ကျွန်ုပ်တို့ စာသင်ကျောင်းများတွင် ကျောင်းစာကြည့်တိုက်သည် ကျောင်းသား ကျောင်းသူများအတွက် စာဖတ်သည့်အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်အတွေးအခေါ် မှန်ကန်ကောင်းမွန်ခြင်းများ လက်တွေ့လုပ်ဆောင်နိုင်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်သည့် နေရာဖြစ်ရာ စာကြည့်တိုက်များ အစဉ်သက်ဝင်လှုပ်ရှားအောင်ကြိုးပမ်းကြရမည်ဖြစ်ပေသည်။ ။

**ကိုးကား**

- **စာကြည့်တိုက်အသိပညာသင်တန်းမှတ်စုများ**
- **ကျောင်းစာကြည့်တိုက်လက်စွဲ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနများနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီး မီနီမာရသွန်၊ စက်ဘီး၊ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၈**

မုံရွာမြို့ပေါ်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူများ ချစ်ကြည်ရင်းနှီးမှုများ ရရှိနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနများနှင့် တက္ကသိုလ် ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီနီမာရသွန်၊ စက်ဘီးပြိုင်ပွဲကို နိုဝင်ဘာ ၁၇ ရက်နံနက်ပိုင်းတွင် မုံရွာမြို့ အနောက်ဘက်ကန်သာယာ၌ ကျင်းပရာ ပြိုင်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ မြို့နေပြည်သူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။




ဦးစွာ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲအား တာထွက်အချက်ပြကာ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ အနောက်ဘက်ကန်သာယာတစ်လျှောက်တွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများက အားပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြပြီး မီနီမာရသွန်အားကစားသမားများ ပန်းဝင်လာမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါမုခ်ဦးတွင် အမျိုးသားအမျိုးသမီး စက်ဘီးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများက ပန်းဝင်လာသည့် စက်ဘီးပြိုင်ပွဲဝင် အားကစားသမားများအား သောင်းသောင်းဖြဖြ ကြိုဆိုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ပြည်သူ့အားကစားကွင်းအတွင်း ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနများနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲ အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများနှင့် အမျိုးသားအမျိုးသမီး မီတာ ၈၀၀၊ မီတာ ၄၀၀ ၊ မီတာ ၂၀၀၊ မီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာအသင်းနှင့် လက်ဘနွန်အသင်းတို့ ယနေ့ခြေစမ်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာ့လက်ရွေးစင်အသင်းနှင့် လက်ဘနွန် လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို နိုဝင်ဘာ ၁၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် လက်ဘနွန်အသင်းသည် နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ဒုတိယမြောက်ခြေစမ်းပွဲ ကစားခြင်းဖြစ်ပြီး ပထမခြေစမ်းပွဲတွင် နှစ်သင်းစလုံး နိုင်ပွဲပျောက်ဆုံးထားသည်။ နိုဝင်ဘာ ၁၄ ရက်က ကစားသည့် ပထမခြေစမ်းပွဲတွင် မြန်မာအသင်းက စင်ကာပူအသင်းကို အဝေးကွင်းတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ပြီး လက်ဘနွန်အသင်းက ထိုင်းအသင်းကို အဝေးကွင်းတွင် ဂိုးမရှိသရေကစားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ဒဏ်ရာရကစားသမား များပြားနေပြီး ယခုပွဲကိုလည်း အမာခံကစားသမားအချို့ လွဲချော်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် စင်ကာပူနှင့်ပွဲအတွက် ခေါ်ဆောင်သွားသည့် ကစားသမား ၂၄ ဦးကို အခြေခံကာ ယခုခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းနှင့် လက်ဘနွန်အသင်းသည် ၂၀၁၆ ခုနှစ်က ယှဉ်ပြိုင်ကစားသည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် တွေ့ဆုံပြီးနောက် ဆယ်စုနှစ်တစ်ခုနီးပါးအကြာမှ ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဒီဇင်ဘာလတွင်ယှဉ်ပြိုင်ရမည့် ၂၀၂၄ ASEAN Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အောက်တိုဘာနှင့် နိုဝင်ဘာ နိုင်ငံတကာ ရက်သတ္တပတ်တွင် ခြေစမ်းပွဲများ ကစားလျက်ရှိပြီး သုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**



## ကရင်ပြည်နယ်အတွင်း မိုးစပါးစံကွက်ပေါင်း ၃၂၄၀ ရိတ်သိမ်းမည်

**ဘားအံ နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးစပါးဧက ၄၂၅၈၈၄ ဧက စိုက်ပျိုးထားရှိပြီး တစ်ဧကအထွက်နှုန်း မှန်ကန်စွာ ရရှိနိုင်ရေး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက် ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် စံကွက်ပေါင်း ၃၂၄၀ ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက်က ပြုလုပ်သည့် ဘားအံမြို့နယ် ကော့လိုက်ကျေးရွာ ကော့လိုက်တောင်ကွင်းရှိ တောင်သူဦးကျော်ငယ်၏ မိုးစပါး စံကွက်ရိတ်သိမ်းပွဲမှ သိရသည်။




**ပြောကြား**

စံကွက် ရိတ်သိမ်းပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက် မြင့်မားရေးအတွက် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်မြင့်မားရန် လိုအပ်ပြီး စိုက်ပျိုးထုတ်လုပ်နိုင်မှု စွမ်းပကား တိုးတက်မှုအခြေအနေကို သီးနှံအလိုက်၊ မျိုးကွဲအလိုက်အထွက်နှုန်းများ တိုင်းတာစိစစ်ရကြောင်း၊ နိုင်ငံတော်အနေဖြင့် သီးထပ်သီးညှပ် တိုးမြှင့်စိုက်ပျိုးရေး၊ စွမ်းအားပြည့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ကူညီခြင်း၊ ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက်စံကွက်သုံးကွက်အား ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများက မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် (၂၀) စက်မှုလယ်ယာစခန်းမှ ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းခြင်း၊ ရိတ်သိမ်းပြီး လယ်မြေများကို ထွန်စက်ကြီးများဖြင့် ပြန်လည်ထွန်ယက်ခြင်းတို့ကို ဆောင်ရွက်ကြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

■

## (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုအထိမ်းအမှတ် အသိပညာပေးဟောပြော

**ပဲခူး နိုဝင်ဘာ ၁၈**

ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း YMBA ခန်းမ၌ ယနေ့နံနက်ပိုင်းက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုအထိမ်းအမှတ်အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နီလာကြည်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူဟောင်း အမျိုးသားစာပေဆုရှင် စာရေးဆရာမ ဝတ်ရည်ခင်( ပဲခူး)က အမျိုးသားစိတ်ဓာတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားဟောင်း စာပေဆုများရှင် စာရေးဆရာ ဒေါက်တာမြင့်သန်းက ကျောင်းတော်ကြီးရဲ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အသိပညာပေးဟောပြောသည့် စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အမျိုးသားနေ့အကြိုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



**အားကစားမြင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

## ပုံပြင်

# အရိုး၏ တေးသံ

**ငွေတာရီ**

တစ်ရံရောအခါ တိုင်းပြည်တစ်ပြည်တွင် တောဝက်ရိုင်းတစ်ကောင် သောင်းကျန်း၍နေလေ၏။ ထိုဝက်ရိုင်းသည် လယ်ယာများကို ဖျက်ဆီး၏။ ကျွဲနွားများကို သတ်ဖြတ်၏။ ထို့ပြင် သူမြင်လောက်သည့်အရပ်မှ ဖြတ်သန်းသွားလာမိသူများကို လိုက်လံနှောင့်ယှက်ခြင်း၊ အစွယ်ဖြင့် ထိုးသတ်ခြင်းများကို ပြု၏။

ထိုတိုင်းပြည်ကို အုပ်စိုးသော ဘုရင်သည် ထိုဝက်ရိုင်းကို နှိမ်နင်းပေးနိုင်သူရှိက ဆုလာဘ်များစွာ ပေးမည်ဟု ကြေညာထား၏။ သို့ရာတွင် တောဝက်ကြီးမှာ အလွန်ပင်ကြီးမား၍ သန်စွမ်းလှသည်ဖြစ်လေရာ မည်သူမျှ အနီးသို့ မကပ်ဝံ့ဘဲရှိနေလေ၏။ နောက်ဆုံးတွင် ဘုရင်လည်း ကြံရာမရ ရှိလေရကား တိုင်းပြည်အေးချမ်းအောင် ဆောင်ရွက်နိုင်သူကို သမီးတော်နှင့် ထိမ်းမြားပေးမည်ဟု ကြေညာထားလေ၏။

ထိုအချိန်တွင် ထိုတိုင်းပြည်၌ ညီနောင်နှစ်ဦး နေထိုင်လျက်ရှိ၏။ သူတို့သည် အလွန်ဆင်းရဲကြလေသည်။ ထို့ကြောင့် ဝက်ကြီးကို ဖမ်းဆီးကြမည်ဟု ဘုရင့်ရှေ့တော်မှောက်သို့ ဝင်ရောက်လျှောက်ထားကြလေ၏။ သူတို့နှစ်ဦးတွင် အစ်ကိုကြီးဖြစ်သူသည် ကောက်ကျစ်၍ ဉာဏ်များ၏။ သို့သော် သေချာစေ့စပ်ခြင်းရှိ၏။ ညီငယ်သည်ကား စိတ်ထားသန့်စင်၏။ သို့ရာတွင် ရိုးအလွန်း၏။ သူသည် ဝက်ရိုင်းကြီး၏ဒဏ်ကို ခံကြရသူများအား အထူးပင် သနားကြင်နာခြင်းဖြစ်မိ၏။

ဘုရင်သည် သူတို့နှစ်ယောက်အား ဤသို့ မိန့်တော်မူ၏။

“မောင်မင်းတို့၊ သင်တို့သည် ဝက်ကြီးထံသွားကြသောအခါ တစ်ဦးစီခွဲ၍ သွားသင့်သည်။ တောအုပ်အတွင်းသို့ တစ်ဖက်တစ်ချက်မှ မျက်နှာချင်းဆိုင်မှန်း၍ ဝင်ကြလျှင် ပိုမိုကောင်းမည်”

သို့ဖြင့် အစ်ကိုကြီးသည် တောအုပ်၏ အနောက်ဘက်မှဝင်၍ ညီငယ်သည် အရှေ့ဘက်မှဝင်၏။ ညီငယ်သည် တောအုပ်အတွင်းသို့ ဝင်မိ၍ မကြာမြင့်မီပင် သေးငယ်သော လူကလေးတစ်ယောက်နှင့် တွေ့လေ၏။ ထိုသူ၏ လက်ထဲတွင် အနက်ရောင်ရှိသော လှံတစ်ချောင်း ကိုင်ထားလေသည်။

လူကလေးက ညီငယ်အား

“သင်သည် စိတ်ထားသန့်စင်၍ ကြင်နာတတ်သည့်အတွက် ဤလှံကို ကျွန်ုပ်ပေးလိုက်မည်။ ဝက်ကြီးကို ရဲဝံ့စွာ ရင်ဆိုင်ပါလေ။ သင့်အား တစ်စုံတစ်ခုသော ဘေးအန္တရာယ်ကျရောက်မည်မဟုတ်၊ စိတ်ချ၍ သွားပါလေ”ဟု ဆိုလေသည်။ ညီငယ်လည်း လူကလေးအား ကျေးဇူးတင်ကြောင်းပြော၍ လှံကို ထမ်းလျက် ရဲဝံ့စွာဖြင့် ဆက်၍ သွားလေ၏။

မကြာမီပင် သူသည် ဝက်ရိုင်းကြီးကို မြင်လေ၏။ ဝက်ရိုင်းကြီးကလည်း သူ့ကို မြင်သည်ဖြစ်ရာ သူ့ထံ တအားကုန်ပြေး၍ လာလေတော့၏။ သို့ရာတွင် သူသည် မကြောက်ချေ။ လှံကိုသာ အသင့်ပြင်လျက် စောင့်ဆိုင်းနေလေသည်။ ဝက်ရိုင်းကြီးသည် ဒေါသအမျက်ပြင်းစွာဖြင့် တစ်ဟုန်ထိုး သူ့ကို ခုန်၍အုပ်လေတော့၏။ ထို့ကြောင့်ပင် သူ၏ လှံသွား၌ အရှိန်ပြင်းစွာဖြင့် စူးဝင်လေရကား တစ်ချက်တည်းဖြင့် သေလေတော့၏။

ထို့နောက် သူသည် ဝက်သေကြီးကို ထမ်းကာ ဘုရင့်ရှေ့တော်မှောက်သို့ဝင်ရန် မိမိနေထိုင်ရာ တိုင်းပြည်ဘက်သို့ ရှေးရှုလာ၏။ သူ တောအုပ်တစ်ဖက်သို့ ရောက်သောအခါတွင် အိမ်တစ်ဆောင်ကို တွေ့ရလေသည်။ လူအများသည် ထိုအိမ်တွင်း၌ သောက်စားပျော်ပါးနေကြကုန်၏။ သူတို့အထဲတွင် သူ၏အစ်ကိုကိုလည်း မြင်ရလေသည်။ အစ်ကိုဖြစ်သူသည် အကယ်၍ ဝက်ကြီးနှင့် ရင်ဆိုင်ရက သတ္တိရှိစေရန် ရဲဆေးတင်နေခြင်းဖြစ်လေသည်။ သူသည် ဝက်သေကြီးကို ထမ်းလာသော ညီငယ်ကို မြင်လျှင် စိတ်ထားယုတ်မာသူဖြစ်ရကား များစွာမနာလိုခြင်း ဖြစ်မိလေတော့၏။ ထို့ကြောင့် ညီငယ်အား အိမ်ထဲသို့ဝင်၍ အမောအပန်းဖြေစေရန် ခေါ်ငင်လေ၏။

ညီငယ်သည်ကား အထူးအထွေ မတွေးမိချေ။ ထို့ကြောင့် အစ်ကို ဖိတ်ခေါ်သည့်အတိုင်း အိမ်ထဲသို့ ဝင်ရောက်လာလေ၏။ သူသည် တောတွင်း၌ သေးငယ်သော လူကလေးနှင့် တွေ့ပုံ၊ လှံနက်ကလေး ရပုံ၊ တောဝက်ကြီးကို နှိမ်နင်းပုံများကို အားပါးတရ ပြန်ပြောပြလေသည်။ အစ်ကိုသည် ညီဖြစ်သူအား ညနေတိုင်အောင် ဆွဲထား၍ နေဝင်သည်နှင့် တစ်ပြိုင်နက် နှစ်ဦးသား အတူတကွ ခရီးဆက်ကြလေ၏။

အတန်ငယ်မှောင်သော် သူတို့သည် ချောင်းတစ်ခုသို့ ရောက်ကြလေ၏။ ထိုချောင်း၌ တစ်ဖက်ကမ်းသို့ကူးရန် တံတားတစ်ခုလည်း ရှိလေသည်။ အစ်ကိုသည် ညီအား ရှေ့မှအလျင်ဖြတ်ကူးစေ၏။ တံတားအလယ်သို့ ညီငယ်ရောက်သော် အစ်ကိုက နောက်မှနေ၍ ရိုက်ပုတ်ရာ ညီငယ်ခမျာ သေဆုံးသွားလေ၏။ အစ်ကိုလည်း ညီငယ်၏အလောင်းကို တံတားအောက် မြေကြီးထဲတွင် တူး၍ မြှုပ်နှံလိုက်လေသည်။

ထို့နောက် သူသည် ဝက်သေကို ထမ်းလျက် နန်းတော်သို့ ယူဆောင်သွားကာ ဘုရင့်ရှေ့တော်သို့ ဝင်ရောက်လေ၏။ သူ မည်ကဲ့သို့ ဝက်ကြီးကို စွန့်စားနှိမ်နင်းခဲ့ပုံ၊ အောင်မြင်ခဲ့ပုံများကို ဘုရင့်အား လျှောက်ထားလေ၏။ ဘုရင်လည်း များစွာအားရ ကျေနပ်တော်မူလှသဖြင့် သူ့ကို သမီးတော်နှင့် ထိမ်းမြားပေးတော်မူလေ၏။ သူ၏ညီငယ် ပြန်မရောက်လာသည်နှင့် ပတ်သက်၍မူ ဝက်ကြီး၏ လက်ချက်ဖြင့် အသက်ဆုံးပြီထင်ရကြောင်းဖြင့် သူက ပြောပြလေသည်။ လူအပေါင်းတို့ကလည်း ဤသို့ပင် ယုံကြည်ကြလေသည်။

နှစ်ပေါင်း အတန်ငယ်ကြာသောအခါ နွားကျောင်းသားတစ်ယောက်သည် သူ၏နွားများကို တံတားပေါ်မှဖြတ်၍ မောင်းသွားလေသည်။ ထိုအခိုက် သူသည် အလွန်ဖြူဆွတ်သော အရိုးငယ်တစ်ချောင်းကို တံတားအောက် သဲမြေပေါ်တွင် မြင်မိလေ၏။ သူသည် ထိုအရိုးငယ်ကို သူ့ပလွေတွင် တပ်ဆင်အသုံးပြုရန် စိတ်ကူးမိလေသည်။ ထို့ကြောင့် တံတားအောက်သို့ဆင်း၍ ကောက်ယူလေ၏။ နောက် သူ၏ ပလွေတွင် တပ်ဆင်လေ၏။ သို့ရာတွင် တပ်ပြီး မှုတ်လိုက်သည်နှင့်တစ်ပြိုင်နက် ပလွေသည် မြည်ရိုးမြည်စဉ် မမြည်ဘဲ အံ့ဩဖွယ်ရာ ဤသို့မြည်လေ၏။

အဘယ် မောင်ရင် နွားကျောင်းသား၊<br>
ငါ့အရိုးကို မှုတ်ကာကျူ၊<br>
ငါမူသေဘေး ကြုံရသေး၊<br>
အစ်ကိုကြီးရဲ့ လက်ချက်လေး၊<br>
သည်ဘေးမှာတော့ ငါ့ခန္ဓာ၊<br>
တူးမြှုပ်ခဲ့လို့ ခုတိုင်းသာ၊<br>
အမှန်မှာတော့ တောဝက်အား၊<br>
သတ်သူစင်စစ် ငါတကား။

ထိုတေးသံကို ကြားရလျှင် နွားကျောင်းသားမှာ လွန်စွာထိတ်လန့်၍ အံ့မဆုံး ဖြစ်မိလေ၏။ ဤမျှ ထူးဆန်းသော အရာဝတ္ထုကို ဘုရင်မင်းမြတ်အား ဆက်သမှ တော်လေမည်ဟု စဉ်းစားကာ နန်းတော်သို့ ပလွေကို ယူဆောင်သွားလေသည်။ ဘုရင့်ရှေ့ ရောက်သည်နှင့်တစ်ပြိုင်နက် ပလွေသည် ယခင်တေးကိုပင် အလိုအလျောက် ကျူးမြည်လေတော့၏။ တေးသံကို နားဆင်ရလျှင် ဘုရင်မင်းမြတ်သည် အလုံးစုံကို ရိပ်မိလေတော့၏။ ထို့ကြောင့် တံတားအောက်ရှိ မြေကို တူးဆွရှာဖွေခြင်းပြုရမည်ဟု အမိန့်ထုတ်ပြန်တော်မူလေ၏။

သို့ရှာဖွေကြသည်ရှိသော် ညီငယ်၏ အရိုးစုကို တွေ့မြင်ကြရလေသတည်း။ ဤတွင် ဘုရင်သည် အစ်ကိုဖြစ်သူအား စစ်မေးတော်မူလေ၏။ အစ်ကိုမှာလည်း ငြင်းကွယ်ခြင်းငှာ မတတ်သာပြီဖြစ်၍ သူ၏ အပြစ်ကို ဖွင့်ဟဝန်ခံရလေတော့၏။ ထိုအခါ ဘုရင်မင်းမြတ်က အစ်ကိုဖြစ်သူအား–

“အိတ်တစ်လုံးတွင် ထည့်၍ပိတ်ကာ မြစ်အတွင်းသို့ ပစ်ချစေ”ဟု အမိန့်ချမှတ်လိုက်လေတော့၏။ ညီငယ်၏ အရိုးတို့ကိုမူကား ကောင်းစွာယူဆောင်၍ ဘုရားကျောင်းအနီးတွင် အမှတ်တရ မြှုပ်နှံစေလေသတည်း။

**ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

(၂၉-၁၀-၂၀၂၄ ရက်နေ့မှအဆက်)



(ဆက်လက်ဖော်ပြပါမည်)

# ရွှေတောင်မြို့နယ်၌ ခဝဲသီးများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိပြီး တောင်သူများ အကျိုးအမြတ်ရ

ရွှေတောင် နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ဝါးတော/ဝါးလည် ကျေးရွာတွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သော ခဝဲသီးနှံကို တစ်ပိုင်တစ်နိုင် လေးဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။



ခဝဲသီးနှံကို မိုးရာသီဖြစ်သော ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် စိုက်ပျိုးကြပြီး စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြသလို ပေါင်တင်စနစ်ဖြင့်လည်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို အညှောက်ဖောက်၍ တစ်ပေအကျယ်ရှိ စိုက်ပေါင်တွင် အတန်းလိုက် စိုက်ပျိုးပြီး တစ်လခန့်အကြာတွင် စင်ထိုး၍ ခဝဲအညွန့်များကို စင်ပေါ်တင်ပေးရကြောင်း၊ အပင်သက်တမ်း ၇၅ ရက်၊ ရက် ၈၀ ရောက်ရှိချိန်တွင် အသီးများကို စတင်ဆွတ်ခူးနိုင်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ခဝဲသီး အလုံးရေ ၁၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ ခဝဲသီးကို တစ်ရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် ခဝဲသီးအတောင့် ၂၀၀ ခန့်ရရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုးစေ့၊ သွင်းအားစု၊ ဝါးနှင့် လုပ်သားခအပါအဝင် ငွေကျပ် ၁၃ သိန်းခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တောင့်လျှင် လက်လီဈေးနှုန်း ငွေကျပ် ၅၀၀ နှင့် လက်ကားဈေးနှုန်း ငွေကျပ် ၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ငွေကျပ် ၁၇ သိန်းခန့် အကျိုးအမြတ်ရရှိပြီး ဈေးကွက်အနေဖြင့် သီးနှံကုန်စိမ်းဒိုင်များက စိုက်ခင်းအထိလာရောက် ဝယ်ယူကြပြီး ရွှေတောင်မြို့နယ် အတွင်းသို့ တင်ပို့ရောင်းချကြောင်း သိရသည်။



# ကျောက်ဆည်ခရိုင်၌ ခရမ်းချဉ်သီး စိုက်ပျိုးခြင်းဖြင့် တောင်သူများ တွက်ခြေကိုက်

ကျောက်ဆည် နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင်းရှိ တောင်သူများသည် စပါး၊ နှမ်း၊ ပဲ၊ ပြောင်း၊ ငရုတ်သီးနှံများကို စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ခရမ်းချဉ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး ကျောင်းကုန်း၊ ငါးမြွေကုန်း၊ အင်ရောင်ကျေးရွာတို့တွင် ၁၂ ဧကခန့် အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

ခရမ်းချဉ်သီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလနောက်ဆုံးပတ်တွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ကို စိုက်ပေါင်ဖြင့် ပျိုးထောင်ပြီး အပင်သက်တမ်းတစ်လခန့်အချိန်တွင် မြေချ၍ ဝါးတိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ မျိုးအနေဖြင့်555 မျိုးနှင့် wonder(100)မျိုးများကို စိုက်ပျိုးကြပြီး 555 ခရမ်းချဉ်မျိုးကို အများဆုံးစိုက်ပျိုးကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ ခြောက်ထုပ်၊ ခုနစ်ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ခရမ်းချဉ်သီး ပိဿာ ၃၀၊ ၄၀ ခန့် ထွက်ရှိပြီး တစ်ပတ်ထက် တစ်ပတ် အထွက်နှုန်း ပိုမိုထွက်ရှိလာကြောင်း၊ ခရမ်းချဉ်သီးစတင်ထွက်ရှိချိန်တွင် သုံးလေးရက်ခြား တစ်ကြိမ်ခူးဆွတ်ရပြီး သက်တမ်းအနေဖြင့် နှစ်လကျော်ခန့်ထိ ခူးဆွတ်နိုင်ကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ ဝါး၊ လုပ်သားခ အပါအဝင် ငွေကျပ် ၁၂ သိန်းခန့်ကုန်ကျကြောင်း၊ ဈေးနှုန်းမှာ ခရမ်းချဉ်သီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၊ ၅၀၀၀ နှင့် လက်လီဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကုန်စိမ်းသီးနှံဖြစ်သည့်အတွက် ဈေးနှုန်းအတက်အကျ ရှိနိုင်ကြောင်း၊ ဈေးကွက်အနေဖြင့်ထွက်ရှိလာသော ခရမ်းချဉ်သီးများကို ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိလာရောက်ဝယ်ယူကြပြီး မန္တလေးမြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ အကျိုး အမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂၄ သိန်းခန့်အမြတ်ရရှိကြောင်း ခရမ်းချဉ်သီးစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

# စလင်းမြို့နယ် ငလင်ပန်းကျေးရွာ၌ ရုံးပတီသီးဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

စလင်း နိုဝင်ဘာ ၁၈



မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဆန်စပါး၊ နှမ်းနှင့် ပဲမျိုးစုံတို့အပြင် စားဖိုဆောင်သီးနှံဖြစ်သည့် ဟင်းသီးဟင်းရွက်များကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြပြီး ငလင်ပန်းကျေးရွာတွင် ရုံးပတီသီးနှံကို ခုနစ်ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ရုံးပတီသီးနှံကို စက်တင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလ ပထမပတ်တွင် အသီးများ စတင်ခူးဆွတ်ရကြောင်း၊ မြေအောက်ရေတင်စနစ်ဖြင့် အတန်းလိုက် နှစ်ပေအကွာ ကျင်းငယ်များတူးပြီး အစေ့ချ၍ စိုက်ပျိုးကြောင်း၊ ရုံးပတီသီးမျိုးအနေဖြင့် မျှားနီတံဆိပ်မျိုးစေ့ကို စိုက်ပျိုးပြီး ရေလုံလောက်စွာရရှိပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကြောင်း၊ ကုန်ကျစရိတ်မှာ မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျပြီး အထွက်နှုန်း ပိဿာချိန် ၉၀၀၊ ၁၂၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ပထမပတ်က ရုံးပတီသီးတစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၀၀၀၊ ၃၅၀၀ နှင့် လက်လီဈေး ရုံးပတီသီးတောင့် ၁၀ တောင့်လျှင် ငွေကျပ် ၄၀၀၊ ၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၁၇ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် စလင်းမြို့ပေါ်ရှိ ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိလာရောက်ဝယ်ယူကြကြောင်းနှင့် ထိုမှတစ်ဆင့် မင်းဘူးမြို့နှင့် မကွေးမြို့ပေါ်ရှိလက်လီလက်ကား ကုန်စိမ်းဆိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ရုံးပတီသီးများ ဈေးနှုန်းကောင်းသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## သတင်းရင်းမြစ်-စီးပွား/ကူးသန်း

### ၁၈-၁၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်း

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၈၀၀၀ | ၁၀၃၉၃ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၇၉၈၀ | ၁၇၅၀၀ | ၅၅၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၈၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၂၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၀၀၀ | | ၈၃၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၃၇၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၅၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၅၅၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၇၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၀၅၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၀၅၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၇၀၀ | ၁၀၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၃၀ | ၁၄၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၁၉၀၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၁၅၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၃၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၉၅၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၅၀၀ | ၅၁၅၀ | ၂၆၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

☆ စပါးမှ

ဘန်တန်ကာအနေနဲ့ အဲဒီကိစ္စနဲ့စပ်လျဉ်းလို့ ငြင်းဆိုထားခဲ့ပေမယ့် စည်းကမ်းထိန်းသိမ်းရေးကော်မရှင်က လူမျိုးရေးခွဲခြားမှုဖြစ်ပေါ်ခဲ့တာကို အတည်ပြုခဲ့တာဖြစ်ပါတယ်။

အဲဒီပြစ်ဒဏ်ကြောင့် အသက် ၂၇ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘန်တန်ကာဟာ ဒီဇင်ဘာ ၂၆ ရက်အထိ ပြည်တွင်းပွဲစဉ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် ရရှိတော့မှာမဟုတ်ဘဲ စပါးအသင်းယှဉ်ပြိုင်ကစားရမယ့် ပရီမီယာလိဂ်ပွဲစဉ်တွေဖြစ်တဲ့ မန်စီးတီးအသင်း၊ လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်းတို့နဲ့ ပွဲစဉ်တွေအပါအဝင် မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် လိဂ်ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေမှာပါ လွဲချော်ရတော့မှာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဘန်တန်ကာဟာ ယခုဘောလုံးရာသီမှာ စပါးအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၁၅ ပွဲအထိ ပါဝင်ကစားပေးထားပြီး နိုဝင်ဘာ ၁၁ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အစ်ဆွစ်အသင်းနဲ့ ပွဲစဉ်မှာ စပါးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ပြည်တွင်းပွဲစဉ် ခုနစ်ပွဲအထိ ပါဝင်ကစားခွင့် တားမြစ်ခံခဲ့ရပေမယ့် စပါးအသင်းယှဉ်ပြိုင်ကစားရမယ့် ယူရိုပါလိဂ်ပွဲစဉ်တွေဖြစ်တဲ့ ရိုးမားအသင်း၊ ရိန်းဂျားစ်အသင်းတို့ ပွဲစဉ်တွေမှာတော့ ပါဝင်ကစားခွင့်ရရှိမှာဖြစ်ပါတယ်။

**ငွေကြယ်**

❂ ကျောဖုံးမှ

ယွန်းမီမီလွင်က မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော် ၃၅ မိနစ်တွင် အာရီရာက ထိုင်းအသင်းအတွက် အနိုင်ဂိုးသွင်းခဲ့သဖြင့် မြန်မာအသင်း အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

အုပ်စုတတိယနေ့အပြီးတွင် ထိုင်းအသင်းက သုံးပွဲကစား ကိုးမှတ်၊ ဗီယက်နမ်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြန်မာအသင်းက သုံးပွဲကစား တစ်မှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်၊ အင်ဒိုနီးရှားအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၁၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်ပြီး တတိယလုပွဲကစားခွင့်ရရန် ယင်းပွဲတွင် အမှတ်ရရန် လိုအပ်နေသည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်(၈)၊ ပန်းခြံ(၁)လမ်း၊ အမှတ်(၆၈၄/က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးနီဘရ်နောန် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေ၊ မီး အစုံပါ တစ်ထပ်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း**

**အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ လိပ်စာရှိ အိမ်မြေအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက် ထွက်ရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးနီဘရ်နောန် [၄/ဖလန(နိုင်)၀၀၃၅၁၉]ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နန့်အေးမြင့်ကြူ[၁၄/ပတန(နိုင်)၁၅၆၆၅၄]ကိုင်ဆောင်သူမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၃)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**နန့်အေးမြင့်ကြူ**
**[၁၄/ပတန(နိုင်)၁၅၆၆၅၄]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသန္တာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)**
**အမှတ်(၃၇၄/ခ)၊ ကနောင်ပန်းခြံလမ်း၊**
**(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၂၀၄၆၅၄**

❖ MNL-2 ပြိုင်ပွဲမှ

ချန်ပီယံလမ်းကြောင်းပေါ်တွင်ဆက်ရှိနေပြီး လက်ကျန်နှစ်ပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ ရာမည ယူနိုက်တက် အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၆ မိနစ်တွင် ဆန်းမြင့်နိုင်၊ ၂၉ မိနစ်တွင် ဝေယံစိုးတို့ သွင်းယူသည့် နှစ်ဂိုးဖြင့် ပထမပိုင်းအပြီးတွင် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ၄၈ မိနစ်တွင် ကျော်ထက်၊ ၅၇ မိနစ်တွင် အောင်နိုင်ဖြိုးတို့က ရော်ဝတီရိန်းဂျားအသင်း အတွက် ချေပဂိုးများပြန်သွင်းခဲ့သည်။ ရာမည ယူနိုက်တက်အတွက် အနိုင်ဂိုးကို ၉၀+၃ မိနစ်တွင် ဆန်းမြင့်နိုင်က သွင်းယူခဲ့ပြီး ယခုပွဲ၏ အကောင်းဆုံးဆုပါ ရရှိခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကချင်ယူနိုက်တက် အသင်းသည် ယခုပွဲအနိုင်ရသဖြင့် ချန်ပီယံလမ်းကြောင်းပေါ်တွင် ရှိနေသော်လည်း အမှတ်ကွာဟနေသဖြင့် တက္ကသိုလ်၊ ရာမည၊ Chinland အသင်းတို့ထက် အခွင့်အရေးနည်းနေသည်။ ကချင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်တွင် ဘင်မိုရာဘတ်နှင့် ၇၃ မိနစ်တွင် ဘိုယိုမိုတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ကချင်ယူနိုက်တက်အသင်းမှ ကျော်ဝင်းသိန်းက ရရှိသည်။

ပွဲစဉ် (၁၂) အပြီးတွင် တက္ကသိုလ်အသင်းနှင့် ရာမည ယူနိုက်တက် အသင်းက ၂၇ မှတ်စီ၊ Chinland အသင်းက ၂၆ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၂၂ မှတ်၊ Glory Goal အသင်းက ၁၂ မှတ်၊ ငွေကြယ်ပွင့်အသင်းက ရှစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်နှင့် ရော်ဝတီရိန်းဂျားအသင်းတို့က ခုနစ်မှတ်စီ ရရှိထားသည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MNL**

**"အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ သာယာလမ်း၊ အိမ်အမှတ်-၃၃ ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၄)ထပ်တိုက်၏ ပထမထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၃' x ၅၀')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းထွန်းလှ[၁၂/ အစန(နိုင်)၁၆၇၂၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သန်း[၁၂/အစန(နိုင်)၁၁၉၀၀၀]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများ၊ စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မြင့်မြင့်သန်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မိုးမြတ် (LL.B)** — **ဒေါ်နန်းနုဝတီ (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၈၁)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၃၁)**
**အမှတ်(၃၈/ဘီ)၊ ဦးသင်းဖေလမ်းသွယ်၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၅၇၆၄၁၁၇၀၊ ၀၉-၇၉၇၅၁၂၀၃၆**

**"အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ် ၄၇၉/ခ၊ အိမ်အမှတ် ၄၇၉ ဟုခေါ်တွင်သော ( ၁ )ခန်းတွဲ ( ၆ )ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း ( ၁၈' x ၅၄')ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ မဖြိုးပြည့်စုံဇော် [၁၂/ဥကမ(နိုင်)၂၂၉၇၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းယု [၈/ပခက(နိုင်) ၂၀၆၅၃၂] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများ၊ စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဇော်မင်းယု**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မိုးမြတ် ( L.L.B)** — **ဒေါ်နန်းနုဝတီ ( LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၅၈၁)** — **တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၅၈၃၁)**
**အမှတ် ( ၃၈ /ဘီ ) ဦးသင်းဖေလမ်းသွယ်၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉ - ၇၅၇၆၄၁၁၇၀၊ ၀၉ - ၇၉၇၅၁၂၀၃၆**

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈/ကံဘဲ့)၊ မြေကွက်အမှတ်(၂၆၇)ဟုခေါ်တွင်သော အမှတ်(၁၉)၊ အင်ကြင်းမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ မြေအကျယ်အဝန်း(၂၀ပေx၄၀ပေ)၊ဧရိယာ(၀.၀၁၈)ဧက၊(၈၀၀)စတုရန်းပေရှိနှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့ မြေစာရင်းတွင် **ဦးစိန်ဝင်း [၁၂/ရကန(နိုင်)၀၃၂၅၄၁]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ဖခင်ဖြစ်သူမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့်၎င်း၏ အမွေဆက် ခံခွင့်ရှိသူသမီးများဖြစ်ကြသော **ဒေါ်စိန်စိန်လှ [၁၂/သဃက(နိုင်)၀၂၁၁၆၄]နှင့် ဒေါ်ရင်ရင်မေ [၁၂/ရကန(နိုင်)၀၃၂၅၃၇]**တို့မှ အမွေဆက်ခံပိုင်ဆိုင်ထားပြီးမိမိတို့သာလျှင်တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍အပြီး အပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်-၁၁၄၀၆)** — **ဒေါ်စုစုလှိုင်(LL.B) (စဉ်-၅၅၅၆၃)** — **ဒေါ်ချန်ပေါင်လူး(LL.B) (စဉ်-၅၆၄၉၈)**
**တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး(LL.B) (စဉ်-၅၆၆၆၂)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

**တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ထားဝယ်)**

**နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ဒါခေါ်ယူခြင်း**

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေ ပိုလျှံရန်ပုံငွေ (GRF)ဖြင့် ဆောင်ရွက်မည့် ကျောက်လမ်း(၁)လမ်းနှင့် ကွန်ကရစ်လမ်း(၂)လမ်း လုပ်ငန်းတို့အား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီပြီးစီးရန် အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို (၁၈-၁၁-၂၀၂၄)ရက်နေ့မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး (၁-၁၂-၂၀၂၄)ရက်နေ့ ညနေ(၁၆:၀၀)နာရီတွင် နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာများအား ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြို့ (ဖုန်း ၀၅၉-၂၀၂၂၁၂၆၊ ၀၉-၄၅၈၃၂၉၇၆၃၊ ၀၉-၂၅၄၃၀၃၀၁၈)ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ တင်ဒါဖွင့်မည့်ရက်အား သီးခြားထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**

**အများသိစေရန် ကြေညာခြင်း**

ဦးနိုင်လင်းထွန်း+ဒေါ်အေးသန္တာတို့၏သား မောင်အောင်အောင်ကို [၁၀/ဘလန(နိုင်)၀၁၇၃၆၆] နှင့် ဦးညွန့်ရွှေ+ဒေါ်ငွေးငွေးတို့၏သမီး မအိရွှေစင်လင်း [၅/ကဘလ(နိုင်)၁၅၉၂၈၂]တို့သည် (၅-၉-၂၀၂၄) ရက်နေ့တွင် ` မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၌ ပညာရှိတရားသူကြီးမင်းနှင့် အသိသက်သေလူကြီးမင်းများ ရှေ့မှောက်တွင် "ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ"၌ လက်မှတ်ရေးထိုး၍ လက်ထပ်ထိမ်းမြားခဲ့ကြောင်းနှင့် ယခုတိုင် တရားဝင် အကြင်လင်မယားအဖြစ်ရှိနေကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မအိရွှေစင်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၃၆၂၁၆၉၊ ၀၉-၉၄၅၅၄၅၅၅၃**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ အပိုင်း(၄)၊ မြေကွက်အမှတ် (၉၁)၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်လျက်ရှိသော (၆)ထပ်တိုက် (ရင်ခွဲ)အဆောက်အဦရှိ ပထမထပ် (ခြေရင်းခန်း) ဟုခေါ်တွင်သော လူနေတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပူးတွဲမြေရှင်အဖြစ်လည်းကောင်း၊ ကန်ထရိုက်တာအဖြစ်လည်းကောင်း တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း ပြဿနာကင်းရှင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း မြွက်ဟဝန်ခံလျက် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းသူ (၁)ဒေါ်ဥမ္မာသန်း [၁၂/မဂတ(နိုင်)၀၀၈၁၄၉] နှင့် (၂) ဦးအောင်နိုင်ဦး [၁၂/သဃကနိုင်)၁၄၁၂၉၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ယု**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၁၈/၂၀၁၇)**
**အမှတ်-၁၄၊ ထင်းရှူးမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၃၉၀၂၈**

**တောတောင်**
**ပျက်ပြုန်း**
**မြေဆီ**
**သုဉ်း၏**

**ပျောက်ဆုံးကြောင်း**

(ဘ)ဦးပြုံး၏ သမီး ကျွန်မ နန်းဇာဇာထွေး[၇/ကတခ (နိုင်) ၂၀၃၇၂၈]၏ ပတ်စ်ပို့နံပါတ် MH 900543 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-683679633**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရဲစုတောင်ပိုင်းရပ်ကွက်၊ ဦးမောင်ဆင့်လမ်း၊ မြေကွက်အမှတ်(၉၃) [ကွင်းအမှတ်(၅၂၅-ဂ)၊ ဦးပိုင်အမှတ်(၁၅၆-က)]ဟုခေါ်တွင်သော မြေကွက်ကြီးထဲမှ မြေအလျားxအနံ(၉၀x၇၀)ပေ၏ ခေါင်းရင်းဘက်၊ မြေအလျားx အနံ (၆၉x၇၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးမောင်ဆင့်ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြသိန်း [၁၂/မဂဒ(နိုင်)၀၃၃၅၂၂] (HLG-၀၀၀၈၀၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာ [၁၃/လရန(နိုင်)၁၃၆၅၄၆]၊ ဒေါ်ချိုချိုအေး [၁၃/လရန (နိုင်)၁၈၅၂၃၅]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးသန့် B.A(Eco), H.GP, D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၁၀၈၇၉/၁၄-၂-၁၉၈၅)**
**အမှတ်(၉၅၅/က)၊ ယသာဝတီလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၉၉၅၈၂၇၉၇**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၈၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၈၀/ခ)၊ ၁၂လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဒေါ်မေရီထရေဇာ- MMO-၂၂၁၀၀၇)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးအေဒီဇေးဗီးယား (ဖခင်)နှင့် ဒေါ်မေရီထရေဇာ(မိခင်)တို့ ကွယ်လွန်ပြီး မွေးဖွားသား/သမီး(၆)ဦးအနက် သမီးတစ်ဦးဖြစ်သူ ဒေါ်မေရီအန်တိုနီးယား(ခ)မေရီအန်ထော်နီယာ(အပျိုကြီးဘဝဖြင့်ကွယ်လွန်)သဖြင့် အမည်ပေါက်၏ ကျန်သား/သမီးများဖြစ်ကြသော ဦးဂျော့မာတီနိုဆာဗေးရီးပန်း(ခ)ဂျော့စဘေးရီးရီး [၁၂/မဂတ(နိုင်)၀၈၃၃၁၉]၊ ဦးဂျွန်မိုက်ကယ်ဆေးပါစတား [၁၂/ဥကတ(နိုင်)၁၄၀၅၁၁]၊ ဦးဂျက်စတင်း (MTNT-၀၁၆၇၈၆)၊ ဒေါ်အဲလ်ဖုံးဆီးယား (MTNT-၀၁၆၇၈၇)၊ ဦးရေမန်း(ခ)ဗိုလ်ဗိုလ်[၁၂/ဥကတ(နိုင်)၁၄၂၈၃၂]တို့မှ သား/သမီးများ တော်စပ်ကြောင်း ကတိသစ္စာပြုလွှာ-၂၄၉၁/၂၀၂၄(၁၆-၉-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ငွေကြာရံအိမ်ရာ၊ မြေကွက်အမှတ်-၃၉၉၊ မြေကွက်တည်နေရာအမှတ်- (၃၉၉)၊ ငွေကြာရံ(၁၃)လမ်း၊ (၃/ငွေကြာရံ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မာလာသိန်း(MYGM-006073)အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်မာလာသိန်းမြေကွက်အား ဒေါက်တာစိန်သောင်း၊ ဒေါ်မာလာသိန်းတို့အား တရားပြိုင်ထား၍ တရားလို ဒေါ်ခင်လှဲ့ရည်ဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်သူရ)မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုသော သင်္ဃန်းကျွန်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်(၁၇၉/၂၀၂၃)စီရင်ချက် တရားမဇာရီမှုအမှတ်(၄၄/၂၀၂၄) အမိန့်တို့အရ တရားရုံးကိုယ်စားဘီလစ် ဒေါ်မေသူအောင်[၁၂/မဂတ(နိုင်)၁၀၇၃၅၁]မှ သင်္ဃန်းကျွန်းခရိုင်တရားရုံး၏ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှု အပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား) (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
